http://www.dhammadownload.com

# ယောတရားတော်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက


(ယော)ဆရာတော်

ယောတရားတော် □ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (ယော)ဆရာတော်

ယောတရားတော်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက


(ယော)ဆရာတော်



http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

[illegible]

# ယောတရေးတော်

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ

(ယော)ဆရာတော်

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း

◆ စာမူခွင့်ပြုချက်အမှတ်

၆၁ / ၂၀၀၁ (၁၀)

◆ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၁၀၈ / ၂၀၀၂ (၂)

◆ ထုတ်ဝေခြင်း

ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

တန်ဖိုး ၈၅၀ ကျပ်

◆ ထုတ်ဝေသည့်ကာလ

၂၀၀၄ ခုနှစ်၊ ဇွန်လ

◆ အတွင်းသားပုံနှိပ်

ဦးကျော်ဖင် (၀၄၂၂၉) ခိုင်ရည်မွန်ပုံနှိပ်တိုက်

အမှတ် ၈၁၊ ဗိုလ်ချုပ်လမ်း။ ရန်ကုန်မြို့။

◆ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်

အမှတ် (၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

◆ ထုတ်ဝေသူ

ဦးကျော်ဆန်း (၀၉၃၂)၊ (ရဲဘော်ကျော်ဆန်း)

ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း (၁) လမ်း၊

ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

သိရိစိစဉ်သည်

http://www.dhammadownload.com

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေစန္ဒာထွန်းစာပေ

အမှတ်-၉၆၊ (မြေညီ)၊ ၃၈ လမ်း၊

ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။

☎ ၀၁-၂၄၃၈၇၀

http://www.dhammadownload.com

သာသနာတော်မှာ အထင်ရှားဆုံးဖြစ်ပြီး ဘုရားရှင် အဆက်ဆက်၏ လမ်းညွှန် ညွှန်ပြဩဝါဒဖြစ်သော...

# ပွဲလမ်းသဘင် အကျင့်မှန်

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
(ယောဂီ) ဆရာတော်

စာမူခွင့်ပြုချက် – ၂၂/၂၀၀၂ (၁)
ရွှေစန္ဒာထွန်းစာပေမှ ထွက်ရှိလာပါမည်။

http://www.dhammadownload.com

## မာတိကာ

### ယောတရားတော်

ယောတရားလို့ နာမည်ပေးရအောင် ... ၁
လုပ်ငန်းသဘောအားဖြင့်လည်း
ယောအမည်ရအောင်ကြိုးစားရမှာ ... ၃
ယောဆိုသည်မှာ
နိဗ္ဗာန်ရောက်ကြောင်းတရားကောင်း ... ၅
ကောင်းတာအကုန်လုံး
ယောလို့သာမှတ်ထား ... ၇
မဂ္ဂင်ရှစ်ပါးကို အကျဉ်းချုပ်လိုက်ရင်
သိက္ခာသုံးပါး ... ၈
ကောင်းစွာသိမြင်သုံးသပ်ခြင်း ... ၉
အကျိုးရှိ အပြစ်ကင်းစွာ
ပြုမူလုပ်ကိုင်ဆောင်ရွက်လို့ ... ၁၁
သတိနဲ့သမာဓိမပါပဲ
တွန်း၊ တွန်းချနေတာ ... ၁၃
ဝီရိယကို သတိ၊ သမာဓိနဲ့
ထိန်းပြီးတွန်းရမှာ ... ၁၅
သမာဓိဆိုတာ ... ၁၇
တရားအလုပ်သည်
စီးပွားရေးအလုပ်တစ်မျိုးပဲ ... ၁၉

http://www.dhammadownload.com

တရားကောင်းတွေက
ယောင်းတယ်လို့မရှိ ... ၂၁
လူကိုလူနဲ့တူအောင် ... ၂၅
စိတ်ကိုဘရိတ်မပါပဲမမောင်းနဲ့ ... ၂၇
ပညာကိုလည်း သမာဓိက
လမ်းဖွင့်ပေးတယ် ... ၂၉
ရှိတာမြင်အောင် ကြည့်ရတာပညာ ... ၃၁
ကြီးလေ ကျက်သရေရှိလေ ... ၃၃
အဝိဇ္ဇာချုံနိုခွင့်ရလို့ ... ၃၆
ဖြစ်ပျက်ပြောင်းလဲနေတာသဲသရာ ... ၃၉
အကြိမ်များစွာ ဖြစ်ခဲ့ပျက်ခဲ့
နှိပ်စက်ခဲ့လှပြီ ... ၄၁
အဝိဇ္ဇာက အရမ်းမိုက်တော့
တဏှာက အရမ်းကြိုက်တယ် ... ၄၃
အဝိဇ္ဇာအမှောင်လင်းမှ
ရှင်းရှင်းလေးမြင်ရ သိရမှာ ... ၄၆
ရောဂါကြီးက အမြဲတမ်းတွန်းနေတယ် ... ၄၉
မိုးသီးကောက်သလို ... ၅၁
ကိုယ့်ကိုကိုယ် မယုံရင်
ဘယ်သူ့ကိုယုံမှာလဲ ... ၅၃
ကုသိုလ်ကိုကုသိုလ်နှင့်
တူအောင်လုပ်ပြီးတိုင်းအမောပြေတယ် ... ၅၅
တရားကဆောင်သွားတယ် ... ၅၇

http://www.dhammadownload.com

သဒ္ဓါတရားရှိလျှင်
ကိုယ့်ကိုကိုယ်ယုံ၏ ... ၅၉
ယောအစစ်ဆိုရင် ... ၆၁
ချစ်ခင်ညှိညွှတ်စွာ ရောက်လာ
တတ်သောကြောင့် ယောခေါ်သည် ... ၆၃
ချစ်ခင်စရာဖြစ်သောကြောင့်
ယော ခေါ်သည် ... ၆၅
အသိတရားပြည့်ဝထူးခြားသောကြောင့်
ယောခေါ်သည် ... ၆၇
ယောသူယောသားဆိုတာ ... ၆၉
ချမ်းသာသုံးပါးကို ရောက်စေဖြစ်စေ
တတ်သောကြောင့် ယောခေါ်သည် ... ၇၁
သစ္စာလေးပါးကို သိစေတတ်
သောကြောင့်ယောခေါ်သည် ... ၇၃
ချစ်ခင်လေးမြတ်စွာ ရောက်ရှိအပ်
သောကြောင့် ယောခေါ်သည် ... ၇၅
ချစ်ခင်လေးမြတ်စွာ, လေးစားစွာ
ဖြစ်စေအပ်, သိစေအပ်လို့ ... ၇၇
ချမ်းသာသုံးတန်ကို အမှန်ရောက်စေ၍
ယောခေါ်သည် ... ၇၉
ချမ်းသာသုံးဖြာ ဖြစ်စေလို့
သစ္စာလေးပါး သိစေလို့ ... ၈၁
နိဗ္ဗာန်လည်းယောပဲ ... ၈၃

http://www.dhammadownload.com

ကောင်းစွာဖြစ်ခြင်း, ကောင်းစွာတရား
သိခြင်းကို ယောခေါ်သည် ... ၈၅
ယောဆိုသော စကားလုံးသည်
နှစ်သက်မြတ်နိုးစရာ ... ၈၇
ယောသူယောသား ဇနီးမောင်နှံ ... ၈၉
မဲနဲ့ ဝဲပေါင်းတော့မွဲ ... ၉၁
ဘာဆိုင်တာမှတ်လို့ ... ၉၃
သူတို့အတွက် သီးသန့်ဟောပေးသလို
ဖြစ်နေတဲ့ တရားပွဲလေး ... ၉၅
ပြန်မသွားပဲ ဆက်နားထောင်တယ် ... ၉၇
ဒါန၏ သဘောသဘာဝ ... ၉၉
ကိုယ့်ပစ္စည်းကို ရဲရဲရင့်ရင့်
စွန့်လွှတ်ပေးလှူတာဒါန ...၁၀၂
ဒါနလုပ်ချင်ရင် အဖော်နဲ့
တိုင်ပင်ရတယ် ...၁၀၃
ဒါနပြုလုပ်ပြီးတော့ ပျော်လိုက်ရတာ ...၁၀၇
ကြဲကြဲဖန်ဖန်ရှာရင် လှူစရာရှိလာတယ်...၁၀၉
တရားနာရခြင်းအကျိုး ...၁၁၁
သရဏဂုံသုံးပါးသည်
အန္တရာယ်ကာကွယ်ပေးသောတောင်ကြီး...၁၁၃
ငါးပါးသီလသည် လူ့လောက၏
စည်းကမ်း ...၁၁၇
မေတ္တာလွှမ်းခြုံ နေ့စဉ်ပို့ကြပါကုန် ...၁၁၉
လှိုက်လှဲစွာ မေတ္တာပို့ကြပါကုန် ...၁၂၁

http://www.dhammadownload.com


အဆက်မပြတ်ပြောင်းလဲနေပုံလေးတွေ ... ၁၂၃

သူ့အလုပ်ထဲမှာ ကိုယ့်အလုပ်
ထည့်ပေးရမယ် ... ၁၂၅

သိတတ်တဲ့အရွယ်ကစပြီး
တရားအလုပ်လုပ်ရမှာ ... ၁၂၇

တရားနာနောက်ကျလေခြင်း ... ၁၂၉

တရားနာပြီး နောက်ပိုင်း
အသိဉာဏ်တွေပေါ်လာတယ် ... ၁၃၁

ဒါနဖြစ်အောင်
နှလုံးသွင်းတတ်လာတယ် ... ၁၃၃

တစ်ဆုပ်ဆန်, တစ်ဇွန်းဆန် ... ၁၃၅

ရတနာသုံးပါးဘက် စိတ်ညွှတ်ရုံနဲ့
လူလိုသူလို အသိအမှတ်ပြုခံရပြီ ... ၁၃၇

နေ့စဉ်နေ့စဉ် ရတနာသုံးပါး
ဒါန, သရဏဂုံနဲ့ ပျော်လို့ ... ၁၃၉

စားလည်းဒီစိတ်, သွားလည်းဒီစိတ် ... ၁၄၁

ငါးပါးသီလအလှတန်ဆာကို
ဆင်နိုင်ကြပြီ ... ၁၄၃

စိတ်တူကိုယ်တူ
မေတ္တာပို့လည်းအတူတူ ... ၁၄၅

ကောင်းသောတုံ့ပြန်မှုတွေ တွေ့ရတယ်...၁၄၇

ပါးစပ်က ဝိပဿနာလို့
မပြောတတ်ပေမယ့် ... ၁၄၉

http://www.dhammadownload.com

စီးပွားရေးရော တရားပါ တွဲရှာတော့
စိတ်ချမ်းသာလိုက်တာ ...၁၅၁
ရတနာသုံးပါး အရှိန်အဝါလွှမ်းနေလို့ ...၁၅၄
ယောအစစ်ဖြစ်ရင် လူတိုင်းချစ်ရတာပဲ...၁၅၅
ရတနာသုံးပါး ခေါင်းပေါ်တင်ပြီးမှ
သွားတာ ...၁၅၇
ရတနာသုံးပါး, သီလ, မေတ္တာ
အဖော်တွေပါတယ် ...၁၅၉
တရားကပြန်စောင့်ပုံများ ...၁၆၁
ဒါမှလည်း ယောအစစ်ဖြစ်ကြမှာ ...၁၆၃

http://www.dhammadownload.com

# ယောတရားတော်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ

(ယော)ဆရာတော်

*သာသနာတော်နှစ် ၂၅၃၅ ခု၊ ကောဇာသက္ကရာဇ် ၁၃၅၃ ခု၊ တပေါင်းလဆန်း ၅ ရက် တနင်္ဂနွေနေ့တွင် ဂန့်ဂေါမြို့နယ်၊ အနောက်ဂန့်ဂေါ သမိုင်းဝင် စွယ်တော်ရှင်မြတ်ဘုရားကြီးဝင်း အာရုံခံမဏ္ဍပ်ကြီးအတွင်း၌ အနောက်ဂန့်ဂေါ ရွှေရှိရာ ဒကာဒကာမပေါင်း သူတော်ကောင်းတို့အတွက် ဓမ္မဒါန ဓမ္မ လက်ဆောင်အဖြစ်ဖြင့် ဟောကြားအပ်သောတရားတော် ဖြစ်သည်။*

## ယောတရားလို့ နာမည်ပေးရအောင်

နေရာဒေသကလည်း ယောဒေသ၊ တရားဟောတဲ့ဘုန်းကြီးကလည်း ယောဘုန်းကြီး၊ တရားနာပရိသတ်ကလည်း ယောပရိသတ်ဆိုတော့ တရားနာမည်ကိုလည်း ယောတရားလို့ နာမည်ပေးရအောင်။

http://www.dhammadownload.com



ယောဆိုတာက မြန်မာလိုတော့ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းလို့ အဓိပ္ပါယ်ရတယ်၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ယောလို့ အဲသလို အသံတူအားဖြင့် ယူထားတာ။

ပါဠိစကားမှာ ယောဆိုတဲ့စကားလုံးဟာ အလွန်တွင်ကျယ်နေတဲ့ စကားလုံးပါ။

**ယောဘဂဝါ- အကြင်မြတ်စွာဘုရားသည်**

**ယောသဘာဝေါ-အကြင်သဘောတရားသည်**

**ယောဘိက္ခု- အကြင်ရဟန်းသည်**

အစရှိသည်ဖြင့် အဲသလို သုံးတဲ့နေရာတွေလည်း အများကြီးပဲ။

နာမ်ဝိပါက် ၇ သွယ် ရေပြန်တော့လည်း အာလုပ်ယောတို့၊ ပထမယောတို့၊ ဒုတိယယောတို့ စသည်ကြည့်ပြန်တော့ ယောဟာ ပါဠိစကားမှာ အလွန်တွင်ကျယ်တဲ့ စကားလုံးပါ။

ဒါကြောင့် အဲဒီယောနဲ့ အသံချင်းတူတဲ့ ယောဒေသ, ယောဆိုတဲ့ စကားလုံးဟာ လေးနက်တဲ့အဓိပ္ပါယ်ကို ဖော်ပြတယ်၊ အဓိပ္ပါယ်လည်း အင်မတန် ကောင်းတယ်။

http://www.dhammadownload.com

# လုပ်ငန်းသဘောအားဖြင့်လည်း ယောအမည်ရအောင် ကြိုးစားကြရမှာ

မိမိတို့တွေဟာ ဇာတိဒေသအားဖြင့်သာ ယောဆိုတဲ့ အမည်ကို ရတာမဟုတ်ဘဲ၊ လုပ်ငန်းသဘောအားဖြင့်လည်း ယောအမည်ရအောင် ကြိုးစားကြရမှာ။

* ဘုရားလည်း ယောဘုရားပဲ၊
* တရားလည်း ယောတရားပဲ၊
* သံဃာလည်း ယောသံဃာပဲ၊
* နိဗ္ဗာန်လည်း ယောနိဗ္ဗာန်ပဲ၊
* ဒါနသီလ ဘာဝနာလည်း ယောတရားတွေချည်းပဲ။
* လောကမှာ ကောင်းတာမှန်သမျှ အကုန် ယောချည်းပဲ။

http://www.dhammadownload.com



ဒါကြောင့် အတိုချုပ်ကတော့ ယောဆိုတာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းလို့သိရှိ မှတ်ယူထားရပါမယ်။

http://www.dhammadownload.com

# ယောဆိုသည်မှာ
# နိဗ္ဗာန်ရောက်ကြောင်းတရားကောင်း

## ယာယတိ တေနာတိယော

ပါဠိမှာဂေါဆိုတဲ့ စကားလုံးရှိတယ်၊ဂေါဟာ ပါဠိအနေအားဖြင့် ဂမုဓာတ်နောင်မှာရော ပစ္စည်း သက်ပြီးတော့ ဩကာရန္တ အားဖြင့် ဂေါလို့ အဲသလို ပြီးတယ်။

အဲဒီအတိုင်းပဲ ယာဓာတ်နောင်မှာ ရော ပစ္စည်းလေး သက်လိုက်တဲ့အခါ ဩကာရန္တ နဲ့ ယောလို့ အဲသလို ပါဠိပြီးနိုင်တယ်။

အဲဒီယာ ဓာတ်ဟာရောက်တယ်,ဖြစ်တယ်, သိတယ်၊ အဲသလို အဓိပ္ပါယ်သုံးမျိုးကိုပြတယ်။

ဒါကြောင့် ရောက်တယ်ဆိုတဲ့ အဓိပ္ပါယ်ကို ပြတာဆိုတော့ "ယာယတိ တေနာတိယော" ဆိုတာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းပေါ့။

http://www.dhammadownload.com



တေန-ဤသိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် တံသမင်္ဂိပုဂ္ဂလော၊ ထို သိက္ခာသုံးရပ် အကျင့်မြတ် နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်၊ ယာယတိ-နိဗ္ဗာန် ချမ်းသာကို ကောင်းမွန်စွာ ရောက်ရပါပေ၏။ ယာယတိ- ချမ်းသာသုံးတန် ကေန်ရောက်ရပါ ပေ၏။

ဣတိ- ဤကဲ့သို့သော သဘောတရား ကြောင့်၊ သော- ထိုသိက္ခာသုံးရပ် အကျင့်မြတ် ဆိုသော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားသည်၊ ယော- ယောဟူသော အမည်ရသည်၊ ဟောတိ- မုချမသွေ ဖြစ်ရပါပေသတည်း။

http://www.dhammadownload.com

# ကောင်းတာအကုန်လုံး ယောလို့သာမှတ်ထား

ယောဆိုတာ နိဗ္ဗာန်ရောက်ကြောင်းတရား ကောင်းဆိုတဲ့ အဓိပ္ပါယ်အပြင် အားတက်စရာ အနေနဲ့ မှတ်ထားရမှာက ကောင်းတာအကုန်လုံး ယောလို့သာ မှတ်ထား။

* အဲသလိုဆိုရင်
* ယောသူယောသားလည်း ကောင်းရမှာပဲ၊
* ကောင်းအောင်လည်း နေရမှာပဲ။
* ယောသူယောသားဆိုရင်
* ရိုးသားရမယ်, ဖြောင့်မတ်ရမယ်။
* တရားကို နှစ်သက်မြတ်နိုးရမယ်။
* အဲဒါမှ ယောအစစ်ဖြစ်မှာ။

http://www.dhammadownload.com

## မဂ္ဂင်ရှစ်ပါးကို အကျဉ်းချုပ်လိုက်ရင် သိက္ခာသုံးပါး

သိက္ခာသုံးရပ် အကျင့်မြတ်ဆိုတာ မဂ္ဂင်ရှစ်ပါးကို ခေါ်တာ၊ မဂ္ဂင်ရှစ်ပါးကို ချုံ့လိုက်ရင် သိက္ခာသုံးပါးပေါ့။

အဲဒီ သိက္ခာသုံးပါး လမ်းကြောင်းအတိုင်း သွားမှ ငြိမ်းအေးမှု နိဗ္ဗာန်ခေါ်တဲ့ ဒုက္ခလွတ်မြောက်မှုဆိုတာ ရမှာပါ။

မဂ္ဂင်ရှစ်ပါးမှာ ပထမနှစ်ပါးကပညာသိက္ခာ၊ ဒုတိယသုံးပါးက သီလသိက္ခာ၊ တတိယသုံးပါးက သမာဓိသိက္ခာ၊ အဲသလို သိက္ခာသုံးပါး ဖြစ်သွားတယ်၊ အဲဒီသိက္ခာသုံးပါးကိုပဲယော-နိဗ္ဗာန်ရောက်ကြောင်း တရားခေါ်ပြန်တယ်။

http://www.dhammadownload.com

# ကောင်းစွာသိမြင် သုံးသပ်ခြင်း

အဲဒီမှာ ပထမနှစ်ပါးက-

* **ကောင်းစွာသိမြင်၊ ကြံစည်လျှင်၊ စွမ်းအင်မြတ်ပညာ။**

သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ နှစ်ပါးက ပညာ သိက္ခာဖြစ်တယ်၊ သမ္မာဒိဋ္ဌိပညာတရားက အရှိအတိုင်းမြင်နိုင်အောင်ဆိုပြီးတော့ သမ္မာသင်္ကပ္ပဆိုတဲ့ ကောင်းမွန်စွာ ကြံစည်တွေးတော သုံးသပ်တဲ့ တရားက အာရုံကိုယူပြီးတော့ သုံးသပ်တင်ပြပေးရတယ်။

"ဟောဒီမှာ ရုပ်တရားဗျ၊ ဟောဒါက မသိတတ်တဲ့ ရုပ်တရားပဲ"ဆိုတော့ ပညာက "ဟုတ်သားပဲနော် အဲဒါရုပ်တရားပဲ"။

ဟောဒီမှာဗျ၊ ဟောဒါက သိတတ်တဲ့နာမ်

http://www.dhammadownload.com



"ဟောဒီမှာ ဖြစ်လာပြန်ပြီ" ပြောတော့ ဟာဟုတ်တယ် ဖြစ်လာပြီ၊ "ဟောဒီမှာ ပျောက်သွားပြန်ပြီ"၊ "ဟာ ဟုတ်တယ်၊ မမြဲဘူးနော်" အဲသလို စသည်ဖြင့် သမ္မာသင်္ကပ္ပက ပညာကို ကူညီနေရတယ်။

သူ (သမ္မာသင်္ကပ္ပ)က အာရုံကို သုံးသပ်ပြီးတော့ လှည့်လည်ပြနေရတယ်၊ အာရုံကိုလှည့်လည်ပြတယ်၊ သုံးသပ်ပြတယ်။

အဲဒါကြောင့် ပညာဟာ အမှန်အတိုင်း မြင်အောင်ကြည့်နိုင်တာဖြစ်လို့ သမ္မာသင်္ကပ္ပကိုလဲ ပညာလို့ သမ္မာဒိဋ္ဌိနဲ့တွဲခေါ်ရတာ။

* **ကောင်းစွာသိမြင်၊ ကြံစည်လျှင်၊ စွမ်းအင်မြတ်ပညာ။**

http://www.dhammadownload.com

# အကျိုးရှိ အပြစ်ကင်းစွာ ပြုမူလုပ်ကိုင်ဆောင်ရွက်လို့

ဒုတိယသုံးပါးက

* ကောင်းစွာပြောမှု၊ ကောင်းစွာ ပြုပေး၊ သက်မွေးမှန်ကန် ဤသုံးတန်၊ ကျင့်ရန်သီလသာ၊

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝခေါ်တဲ့ ကိုယ်နဲ့နှုတ်နှစ်ပါးကို ပိုင်နိုင်စွာ ထိန်းပြီးထားရတဲ့ အကျင့်သိက္ခာက သီလတဲ့။

နှုတ်ကပြောတော့လည်း အကျိုးရှိတဲ့ အပြစ်ကင်းတဲ့ စကားကိုပြောလို့၊ ကိုယ်အမူအရာတွေနဲ့ ပြုလုပ်ဆောင်ရွက်ပြန်တော့လည်း၊ အပြစ်ကင်းတဲ့ အကျိုးရှိတဲ့ ကောင်းတဲ့အလုပ်တွေကို ပြုလုပ်လို့။

http://www.dhammadownload.com



အသက်မွေးဝမ်းကျောင်းအမှု ပြုပြန်တော့လည်း အပြစ်ကင်းတဲ့ ဒုစရိုက်ကင်းတဲ့၊ သန့်ရှင်းစင်ကြယ်တဲ့၊ ကောင်းတဲ့အသက်မွေးဝမ်းကျောင်းဆိုတဲ့ သမ္မာအာဇီဝလုပ်ငန်းစဉ် ဖြစ်ရမယ်၊ အဲဒါက သီလသိက္ခာ၊ ဒါတွေကို ကြားဖူးတာ များနေပြီးသားပါ။

- ကောင်းစွာပြောမှု၊ ကောင်းစွာပြုပေး၊ သက်မွေးမှန်ကန်၊ ဤသုံးတန် ကျင့်ရန်သီလသာ။

http://www.dhammadownload.com

## သတိနဲ့ သမာဓိ မပါဘဲ
## တွန်း, တွန်းချနေတာ

သီလဆိုတာ ကိုယ်နှုတ်နှစ်ပါးကို ထိန်းသိမ်းရတဲ့လုပ်ငန်းစဉ်၊ စည်းကမ်းလို့လဲခေါ်တယ်၊ တစ်ခါ တတိယသုံးပါးက–

* ကောင်းစွာကြိုးစား၊ သတိထား၍ ကောင်းပြားတည်ကြည်၊ ဤသုံးလီတည့်၊ သမာဓိ၊ ကျင့်ဘိ မြတ်သိက္ခာ၊

သမ္မာဝါယာမ၊ သမ္မာသတိ, သမ္မာသမာဓိရယ်၊ သူတို့သုံးပါးပေါင်းမှ သမာဓိ ဖြစ်လာတယ်၊ သတိ, သမာဓိ, မပါဘဲ အခြောက်တိုက်ကြိုးအားထုတ်တဲ့ ဝီရိယကျတော့ သမ္မာဝါယာမ ဖြစ်မလာဘူး၊ ဥဒ္ဓစ္စတွေပဲ ပေါ်လာကြတယ်။

http://www.dhammadownload.com



နေ့တိုင်း လှုပ်ရှားသွားလာနေကြတာ ဝီရိယမပါတဲ့ အချိန်မရှိဘူး၊ ပါနေကြတာပဲ၊ ဝီရိယနဲ့ လှုပ်ရှားတွန်းကန်သွားနေကြတာပဲ၊ သို့သော် စိတ်တည်ငြိမ်လာသလား၊ အမြင်မှန်တွေ ပေါ်လာသလား၊ စိတ်တွေအေးချမ်းလာသလားဆိုတော့ မအေးချမ်းဘူး။

ဘာဖြစ်လို့တုန်းဆိုတော့ သတိနဲ့ သမာဓိမပါပဲနဲ့ တွန်း၊တွန်းချနေတာ၊ စိတ်ကို အစီအစဉ်မပါပဲ တွန်း၊ တွန်းချနေတာမို့ သမ္မာဝါယာမမဖြစ်လို့ သမာဓိ သိက္ခာဘက်ကို မရောက်တာ။

http://www.dhammadownload.com

# ဝီရိယကို သတိ, သမာဓိနဲ့ထိန်းပြီး တွန်းရမှာ

သမ္မာသမာဓိဖြစ်အောင်ဆိုလို့ရှိရင်, သမာဓိသိက္ခာဖြစ်အောင် ဆိုလို့ရှိရင် ဝီရိယဟာ သတိသမာဓိနဲ့ ထိန်းပြီးတွန်းရမှာ။

သတိနဲ့ အာရုံကိုပုံဖော်ရမယ်၊ အာရုံပေါ်မှာစိတ်ကို ပထမဆုံးနေရာချပေးရမယ်၊ နေရာချပေးပြီးကာမှ သမာဓိနဲ့ချုပ်ကနဲ စူးစိုက်ပေးရတယ်၊

နေရာရောက်ပြီဆိုကာမှ ဝီရိယနဲ့တွန်းတော့, စိတ်ကြိုက်တွန်းတော့၊ အဲဒီအခါမှာ သမာဓိဆိုတာပေါ်လာတာ။

ထမင်းချက်တယ်, ရေခပ်တယ်, စားတယ်, သွားတယ်, သောက်တယ်, နေထိုင်သွားလာတဲ့ကိစ္စခပ်သိမ်းအကုန်လုံးပေါ့၊ အားမှရယ်လို့ မဟုတ်

http://www.dhammadownload.com



ပါဘူး၊ သီးခြားအချိန်ယူ အားထုတ်တာလည်း အားထုတ်တာ သပ်သပ်ပေါ့။

အဲသလို သီးခြားအချိန်မပေးနိုင်ရင်လဲ အချိန်လေးတွေက အင်မတန်နှမြောစရာသိပ်ကောင်းနေတော့ ဒီလိုခေတ်အခါ ဘဝကောင်းလေးတွေရတုန်း အချိန်လေးတွေ ဖြုန်းပစ်ရမှာ အင်မတန်နှမြောစရာကောင်းတယ်။

ဒါကြောင့် ဒီလိုရထားတဲ့အချိန်လေးတွေကို ခန္ဓာဝန်ထမ်းဆောင်ရင်းနဲ့ သမာဓိသိက္ခာပေါ်အောင် ဝီရိယနဲ့တွန်းတိုင်း, တွန်းတိုင်း အစီအစဉ်လေးနဲ့ တွန်း, တွန်းပေးရမယ်၊ အဲဒါ သမာဓိသိက္ခာပဲ။

http://www.dhammadownload.com

# သမာဓိဆိုတာ

* သမာဓိဆိုတာ
* စိတ်ကိုထားချင်တဲ့နေရာမှာ
* ထားလို့ရအောင်
* ထားချင်သလို
* ထားလို့ရအောင်
* ထားချင်သလောက်
* ထားလို့ရအောင်

အဲသလိုလေ့ကျင့်ပေးတဲ့လုပ်ငန်းကို သမာဓိလို့ခေါ်တယ်။

စိတ်အစဉ်ကို ချေးချွတ်ဆေးကြောရတဲ့အလုပ်ဖြစ်တာကြောင့် သမထလို့လဲခေါ်တယ်။

* ကိလေသာအညစ်အကြေးတွေ
* တွယ်ကပ်မနေရအောင်

http://www.dhammadownload.com



- တွယ်ကပ်နေရင်လဲ စင်ကြယ်သွားအောင်
- ရှေးချွတ်ဆေးကြောရတဲ့ အလုပ်ဖြစ်တယ်
- အဲဒါကို သမာဓိခေါ်ပါတယ်။
- ကောင်းစွာကြိုးစား၊ သတိထား၍
  ကောင်းဖြားတည်ကြည်၊ ဤသုံးလီတည့်
  သမာဓိ၊ ကျင့်ဘိမြတ်သိက္ခာ။

http://www.dhammadownload.com

## တရားအလုပ်သည်
## စီးပွားရေးအလုပ်တစ်မျိုးပဲ

* **သိက္ခာသုံးရပ် အကျင့်မြတ်၊**
  **မပြတ်ဖြည့်စရာ။**

သိက္ခာသုံးပါးဆိုတာ အစဉ်မပြတ်ကို ဖြည့်ရမှာ၊ ခုနပြောတဲ့အတိုင်း ခန္ဓာဝန်ထမ်းဆောင်ရင်း, စားရင်းသွားရင်း, လုပ်ရင်းကိုင်ရင်း, နေရင်းထိုင်ရင်း, ဘယ်ကိစ္စမှာမဆို အကုန်လုံး အစီအစဉ်လေးနဲ့ စိတ်ကို တွန်းပါ၊ သမာဓိသိက္ခာရမှာပါ၊

ပညာလည်း ထို့အတူပဲပေါ့၊ သီလလည်း ထို့အတူပေါ့၊ အားချိန်ကိုစောင့်နေရမှာ မဟုတ်ဖူး။

ရတဲ့အချိန်ကို ဖြစ်တဲ့နည်းနဲ့ သုံးပြီးတော့ အဆက်မပြတ် ဖြည့်ပေးနေရမယ့် အင်အားတွေပေါ့၊ သူလည်း စီးပွားရေး အလုပ်တစ်မျိုးပဲ။

http://www.dhammadownload.com



ခန္ဓာက တာဝန်ပေးထားတဲ့ စားဝတ်နေရေးအတွက်ကိုတော့ ဇေကန်နေ့စဉ် လုပ်နေကြရတယ်၊ လုပ်နေကြသလိုပဲ သဒ္ဓါတရား အားကောင်းသူများကလည်း "တရားအလုပ်ဟာ စီးပွားရေးအလုပ်တစ်မျိုးပဲလေ"လို့ အဲသလို ခံယူပြီးတော့ ရတဲ့နည်းနဲ့ ဖြည့်ရမှာပါ။

* သိက္ခာသုံးရပ်၊ အကျင့်မြတ်၊
မပြတ်ဖြည့်စရာ။

http://www.dhammadownload.com

# တရားကောင်းတွေက ဟောင်းတယ်လို့မရှိ

* **နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း၊ ကြာညောင်းသော်လည်း (လဲ)၊ မဟောင်းပါ။**

ယောအမည်ရတဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေက ဟောင်းတယ်လို့ မရှိဘူး၊ ဘယ်လောက်ပဲကြာကြာ ခေတ်နောက်ကျသွားပြီ လို့လဲမရှိ။

အရင့်အရင် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူပြီးကြတဲ့ ဘုရားတွေ လက်ထက်တုန်းကလည်း ဒီလမ်းကြောင်းပဲ၊ နောင့်အနာဂတ်ကာလမှာ ဂင်္ဂါ

http://www.dhammadownload.com



ဝါဠုသဲစုမက အနန္တပွင့်တော်မူကြမယ့် ဘုရားတွေ လက်ထက်မှာလည်း ဒီလမ်းကြောင်းပဲလာမှာပဲ။

အတိတ်ကာလတုန်းကလည်း ဘုရားအစ ရှိသော အရိယာသူတော်ကောင်းတွေ ဒီလမ်းစဉ် အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ကြလို့ နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ကြလေပြီ။

မျက်မှောက်ကာလမှာလည်း ဒီလမ်းစဉ် အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ရင်းနဲ့နိဗ္ဗာန် ကို မျက်မှောက်ပြုနေကြဆဲ၊ နိဗ္ဗာန်ကို ဦးတည်နေ ကြတုန်း။

နောင်အနာဂတ်ကာလမှာလည်း ဘုရား အစရှိသော အရိယာ သူတော်ကောင်းတွေ အဲဒီ လမ်းကြောင်းအတိုင်း နိဗ္ဗာန်ကိုဝင်စံကြမှာ၊ လမ်း ကြောင်းက ဒီလမ်းကြောင်းပဲရှိတာကိုး၊ ဒါကြောင့်။

- **နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း ကြာညောင်းသော်လည်း(လဲ)၊ မဟောင်းပါ။**

လောကမှာ မဟောင်းနိုင်တဲ့တရား, မရိုးနိုင် တဲ့တရား, နောက်ထပ်ဖြည့်စရာ ဘာမှ မရှိတဲ့ တရား, အတိအကျ အပြည့်အဝရှိတဲ့တရားပါ၊

http://www.dhammadownload.com



ဒါကြောင့် မိမိတို့မှာ သာသနာနဲ့တွေ့ရတာ သိပ်ကံကောင်းကြတယ်။

- ကောင်းစွာသိမြင်၊ ကြံစည်လျှင်၊ စွမ်းအင်မြတ်ပညာ၊
- ကောင်းစွာပြောမှု၊ ကောင်းစွာပြုပေး၊ သက်မွေးမှန်ကန်၊ ဤသုံးတန် ကျင့်ရန်သီလသာ၊
- ကောင်းစွာကြိုးစား၊ သတိထား၍၊ ကောင်းပြားတည်ကြည်၊ ဤသုံးလီတည်၊ သမာဓိ၊ ကျင့်ဘိမြတ်သိက္ခာ၊
- သိက္ခာသုံးရပ်၊ အကျင့်မြတ်၊ မပြတ် ဖြည့်စရာ၊
- နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း၊ ကြာညောင်းသော်လည်း(လဲ) မဟောင်းပါ။

ဒါကြောင့် ယောဂီအမည်ရတဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းခေါ်တဲ့ မဂ္ဂင်ရှစ်ပါး သိက္ခာ

http://www.dhammadownload.com



သုံးရပ် အကျင့်မြတ်ကတော့ ဘယ်လောက်ပဲကြာကြာ၊ မဟောင်းပါဘူး၊ မရိုးပါဘူး၊ ခေတ်နောက်ကျသွားတယ်မရှိဘူး။

http://www.dhammadownload.com

# လူကိုလူနဲ့တူအောင်

မဂ္ဂင်ရှစ်ပါး ချုံ့လိုက်တော့ သိက္ခာသုံးပါး ဖြစ်တယ်၊ သိက္ခာသုံးပါးလိုရင်းလေး မှတ်လိုက်တော့-

* **စည်းကမ်းလိုက်နာ၊ စူးစိုက်ကာ၊ ရှိတာမြင်အောင်ကြည့်၊**
* **အကျဉ်းချုပ်မှာ၊ ကျင့်စရာ၊ သိက္ခာ သုံးပါးရှိ၊ အဲသလို မှတ်လို့ရတယ်။**

ဆောင်ပုဒ်ရဲ့ ပထမဆုံးစာသား **စည်းကမ်းလိုက်နာ**ရဲ့ ဆိုလိုရင်းကို အကျယ်ပြောရရင် သီလဆိုတာ စည်းကမ်းလိုက်နာစရာ ပြဋ္ဌာန်းသတ်မှတ်ချက်တစ်ခုပဲ၊ သီလနဲ့စည်းကမ်းအတူတူပဲ၊ စည်းကမ်းလိုက်နာတယ်ဆိုတာ သီလကျင့်သုံးတာကိုပြောတာ။

http://www.dhammadownload.com



ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ ရှင်ရဟန်းများရဲ့သီလ၊ လူ့ကျင့်ဝတ်အရပ်ရပ် အကုန်လုံးပေါ့၊ ဒါတွေဟာ သီလတွေချည်းပဲ။

ကိုယ်နဲ့နှုတ် နှစ်ပါးကို ထိန်းသိမ်းရတာ မှန်သမျှ စည်းကမ်းသီလတွေချည်းပဲ၊ အဲဒီစည်းကမ်းကို လိုက်နာခြင်းသည် သီလသိက္ခာကို ဖြည့်ကျင့်ခြင်းပဲ။

- သီလဆိုတာ စည်းကမ်းပဲ၊
- လူကိုချုပ်ချယ်တာမဟုတ်၊
- လူကိုလူနဲ့တူအောင်
- ဆောင်ခတ်ပေးသောတရားဖြစ်တယ်၊
- လူကိုလှအောင်
- တန်ဆာဆင်ပေးသောတရား ဖြစ်တယ်၊
- လူကို အာမခံချက်ရအောင်
- ဆောင်ရွက်ပေးသောတရား ဖြစ်တယ်။

http://www.dhammadownload.com

# စိတ်ကိုဘရိတ်မပါဘဲ မမောင်းနဲ့

ဆောင်ပုဒ်မှာပါတဲ့ စူးစိုက်ကာ ကို ရှင်းပြပါမယ်၊ စူးစိုက်ကာဆိုတာ သမာဓိကိုပြောလိုရင်းဖြစ်ပါတယ်။

အာရုံတစ်ခုယူတဲ့အခါ သီးခြားအချိန်ယူပြီးပွားများတာက သပ်သပ်ပေါ့၊ သီးခြားအချိန်ယူပြီးမပွားတဲ့အခါမှာလည်းပဲ၊ စိတ်ကလေးကိုမောင်းတဲ့အခါ ဘရိတ်ကလေးနဲ့မောင်း၊ စိတ်ကိုဘရိတ်မပါဘဲ မမောင်းနဲ့။

ဘရိတ်ဆိုတာ သတိကိုပြောတာ၊ သတိတွေအားကောင်းမှ သမာဓိကလာမှာပေါ့၊

စိတ်အစဉ်တွေကို အာရုံတွေအပေါ် မောင်းတဲ့အခါကာလမှာ သတိလေးနဲ့ အကွက်ချပြီးမောင်းပါ၊ သတိအစီအစဉ်မပါဘဲ ဘယ်အာရုံကိုမှ

http://www.dhammadownload.com



မယူဘဲ, ရှင်းကနဲ ရှင်းကနဲနေအောင် အကွက်ချ ယူရမယ်၊ အဲသလို ယူမှ ရှေ့နောက်စပ်သွားရင် ဘာဝနာအဆင့်ရောက်သွားတာပဲ။

သီးခြားအချိန်ယူပြီး ထွက်လေဝင်လေမှတ်တာမျိုးတို့၊ ဘုရားဂုဏ်တော် ပွားများတာမျိုးတို့ မေတ္တာပွားများတာမျိုးတို့ အစရှိသည်ဖြင့် ကမ္မဋ္ဌာန်း တစ်ခုခု အာရုံယူပွားများတဲ့ အခါမျိုးဆိုရင်တော့ ပြောစရာမလိုတော့ဘူးပေါ့၊ ဒါဟာ သမာဓိသိက္ခာ ဖြည့်ကျင့်တာပဲ။

အဲသလောက်ထိ အချိန်မပေးနိုင်ရင်လည်း သွားတဲ့လာတဲ့အခါမှာ အမှတ်တမဲ့မသွားပဲ၊ သတိ အမှတ်လေးနဲ့ အကွက်ချသွားရင် သမာဓိလေးတွေ က ရှင်းကနဲ, ရှင်းကနဲပေါ်လာတယ်။

ဘာလို့တုန်းဆိုတော့ ကိလေသာနဲ့သတိ တွဲလို့မှမရတော့၊ စိတ်ဟာတန်ခိုးတွေ တက်လာ တယ်၊ အင်အားတွေ မြင့်လာတယ်၊ အေးချမ်း လာတယ်။

http://www.dhammadownload.com

# ပညာကိုလည်း သမာဓိက လမ်းဖွင့်ပေးတယ်

ဒါကြောင့် စူးစိုက်တယ်ဆိုတာ ဘယ်အာရုံပဲဖြစ်ဖြစ် စူးစူးစိုက်စိုက် ယှဉ်တာမျိုးပေါ့၊ အဲဒီသမာဓိရလာရင် ပညာအတွက်ပါ ကျေးဇူးပြုသွားတယ်။

သမာဓိဆိုတာ သာသနာကျင့်စဉ်ရဲ့ ဗဟိုချက်မလို့လဲခေါ်တယ်၊ ဗဟိုချက်မဆိုတာက စိတ်သောင်းကျန်းမှုမရှိတော့၊ (စိတ်သောင်းကျန်းခြင်းမှကင်းအောင်ထိန်းချုပ်ထားနိုင်တာဖြစ်သောကြောင့်) အောက်က သီလသိက္ခာ အလိုလိုထိန်းပြီးသားဖြစ်သွားတယ်။

စိတ်သောင်းကျန်းမှု မရှိဘူးဆိုရင် ကိုယ်နှုတ်သောင်းကျန်းမှုဟာ အလိုလိုထိန်းပြီးသား ဖြစ်သွားတော့ သီလပါ တစ်ခါတည်း နိုင်သွားတယ်။

သမာဓိရှိလာတဲ့အခါ အထက်ပညာသိက္ခာကို ဖွင့်ဖို့ အင်မတန် လွယ်တာဖြစ်သောကြောင့် ပညာကိုလည်း သူ (သမာဓိ)က ဝင်ပြီး လမ်းဖွင့်ပေးတယ်၊ ဒါကြောင့် ဗဟိုချက်မ အလယ်ကနေပြီး

http://www.dhammadownload.com



အောက်က သီလကိုရော, အထက်က ပညာကိုရော၊ ထိန်းချုပ်နိုင်တာ ဖြစ်သောကြောင့် သာသနာ့ ကျင့်စဉ်ရဲ့ ဗဟိုချက်မ ဖြစ်သွားတာ။

- **ကုသိုလ်ကောင်းမှုမှန်သမျှ**
- **သမာဓိပါမှ အကွက်စေ့တယ်၊**
- **အမှား မရှိပဲ**
- **စ, လယ်, ဆုံး**
- **အကောင်းဆုံး ကုသိုလ်ဖြစ်လာတယ်။**

ဒါနလုပ်လည်း ဒီအတိုင်းပေါ့၊ ခဏိက သမာဓိတော့ပါမှ၊ သီလကျင့်သုံးလဲ ဒီအတိုင်းပဲ၊ ခဏိက သမာဓိတော့ပါမှ၊ သီးခြားပွားများတဲ့ သမထ ဝိပဿနာဆိုတာကတော့ မပြောနဲ့၊ အထူး သဖြင့်လိုအပ်တာပေါ့၊ ဒါကြောင့်။

- **စည်းကမ်းလိုက်နာ၊ ရှူးစိုက်ကာ၊ ရှိတာမြင်အောင်ကြည့်။**

ရှူးစိုက်တာဟာ သမာဓိသိက္ခာဖြစ်တယ်၊ အာရုံကို အမှတ်တမဲ့ မယူဘဲနဲ့ ရှူးရှူးစိုက်စိုက် ယူတဲ့အလေ့အအထတွေ လုပ်ထားတာမျိုးဟာ သမာဓိသိက္ခာပါပဲ။

http://www.dhammadownload.com

# ရှိတာမြင်အောင် ကြည့်ရတာ ပညာ

ရှိတာမြင်အောင်ကြည့် ဆိုတဲ့စကား ရှင်းပြပါမယ်၊ ရှိတာမြင်အောင်ကြည့်ဆိုတာက ပညာသိက္ခာကို ပြောတာ၊ ပညာဆိုတာ ရှိတာမြင်အောင် ကြည့်နိုင်တယ်၊ ကြည့်လို့ရတယ်၊ ကြည့်တယ်။

လောကီအတတ်ပညာ အသက်မွေးဝမ်းကျောင်းအတတ်ပညာဆိုရင်လဲရှိတာမြင်အောင် ကြည့်ရတာပဲ၊ ဒီထဲမှာ ဘယ်လိုဂုဏ်သတ္တိပါတယ်၊ ဘာနဲ့ဘာပေါင်းစပ်ရင် ဘယ်လိုဖြစ်တယ် စသည်ဖြင့် ရှိတာမြင်အောင်ကြည့်ရတာ ပညာခေါ်တာပဲ။

တရားပိုင်းဆိုင်ရာလုပ်ငန်းမှာတော့ ဝိပဿနာပညာပေါ့၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အရင်းခံတဲ့ ဝိပဿနာပညာ၊ ခန္ဓာအရှိ, ရုပ်နာမ်အရှိ, တရားအရှိမြင်အောင် ကြည့်ရတာမို့ သူကပညာ သိက္ခာ။

http://www.dhammadownload.com



* စည်းကမ်းလိုက်နာ၊ ဈေးစိုက်ကာ၊ ရှိတာမြင်အောင်ကြည့်၊
* အကျဉ်းချုပ်မှာ၊ ကျင့်စရာ၊ သိက္ခာသုံးပါးရှိ မဂ္ဂင်ရှစ်ပါး ချုံ့လိုက်ရင်၊ အကျဉ်းချုပ်ဒီသုံးပါးထဲမှာ အားလုံး အကျုံးဝင်ကြတယ်။

http://www.dhammadownload.com

# ကြီးလေ ကျက်သရေရှိလေ

- သိက္ခာသုံးပါး၊ ဖြည့်ကျင့်ငြားက၊
အများတကာ၊ အာကိုးရာ၊
ကိုယ်မှာစွမ်းအားပြည့်။

သိက္ခာသုံးပါး ဖြည့်ကျင့်လို့ရှိရင် အများတကာရဲ့ အားကိုးစရာအရိပ် ဖြစ်သွားတယ်၊ မိမိအတွက်လည်း စွမ်းအားတွေ ပြည့်သွားတယ်၊ စိတ်တွေတန်ခိုးတက်လာတယ်၊ အင်အားတွေရတယ်။

- ကြီးလေလှလေ၊ အေးမြပေ၊
လူတွေ ချစ်ကြ၏။

သိက္ခာသုံးပါး ဖြည့်ကျင့်တယ် ဆိုတာ ကောင်းကောင်းနေပြတာပဲ၊ ကောင်းကောင်းနေပြတယ်ဆိုရင် ကြီးလေလှလေပဲ၊ ကြီးလေ အေးမြလေပဲ။

http://www.dhammadownload.com



အကျင့်သိက္ခာမပါပဲနဲ့၊ အသက်အလိုလိုကြီး သွားတဲ့ ပုဂ္ဂိုလ်ကျတော့ အဘိုးကြီး အဘွားကြီး ဖြစ်လည်း ဘာမှ အင်အားမရှိဘူး။

သိက္ခာသုံးရပ် အကျင့်မြတ်ကိုတွဲပြီး ဖြည့် ကျင့်တဲ့ပုဂ္ဂိုလ်ကျတော့ အိုတာမဟုတ်ဘူး၊ အကျင့် တွေကြီးသွားတာ။

အကျင့်တွေကြီးသွားတာ ဖြစ်သောကြောင့် ကြီးလေခန့်ညားလေ, ကြီးလေ ထည်ဝါလေ၊ ကြီးလေ ကျက်သရေရှိလေ, ကြီးလေလှလေ, အဲသလို ဖြစ်ရတယ်။

- **ကြီးလေလှလေ၊ အေးမြပေ၊ လူတွေချစ်ကြ၏။**

လူတင် ဘယ်ကမလဲ၊ နတ်တွေကလည်း ချစ်တာပဲ၊ ဗြဟ္မာတွေကလည်း ချစ်တာပဲ၊ သက်ရှိ သတ္တဝါတွေ အားလုံးက ချစ်ကြခင်ကြ မြတ်နိုးကြ ရတယ်၊ အကျင့်ကလည်း ပါနေတော့ ကိုယ့်ဟာ ကိုယ် ချစ်လိုက်ရတာလည်း မပြောနဲ့တော့။

ဒါကြောင့် ယောအမည်ရတဲ့ သိက္ခာသုံးပါး သည်၊ ကိုယ့်ဟာကိုယ်လည်း ချစ်ကြောင်းတရား၊ ပတ်ဝန်းကျင်ပုဂ္ဂိုလ်များကလည်း ချစ်ကြောင်း

http://www.dhammadownload.com



တရားဖြစ်တယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားဆို တော့ အားလုံးရဲ့ချစ်ခင်မြတ်နိုးကြောင်း ဖြစ်သွား တယ်၊ သိက္ခာသုံးပါး အတိုချုပ်က ဒါပဲ။

- စည်းကမ်းလိုက်နာ၊ စူးစိုက်ကာ၊ ရှိတာမြင်အောင်ကြည့်။
- အကျဉ်းချုပ်မှာ၊ ကျင့်စရာ၊ သိက္ခာသုံးပါးရှိ။
- သိက္ခာသုံးပါး၊ ဖြည့်ကျင့်ခြားက၊ အများတကာ၊ အားကိုးရာ၊ ကိုယ်မှာ စွမ်းအားပြည့်။
- ကြီးလေလှလေ၊ အေးမြပေ၊ လူတွေချစ်ကြ၏။

ဒါကြောင့် ယောအမည်ရတဲ့ သိက္ခာသုံးရပ် အကျင့်မြတ်ကိန်းဝပ်နေတဲ့ ပုဂ္ဂိုလ်ကို လူတွေအပါ အဝင် အများက ချစ်ခင်မြတ်နိုးကြ, အားကိုးကြ တယ်။

http://www.dhammadownload.com

# အဝိဇ္ဇာ ချုံခိုခွင့်ရလို့

သိက္ခာသုံးရပ် အကျင့်မြတ်သည် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သောကြောင့် ယောအမည်ရတယ်၊ အဲဒီတရားကို မဖြည့်ကျင့်ဘူးဆိုရင်၊ အဝိဇ္ဇာက နေရာယူပြီး သံသရာမှာ ခြယ်လှယ်ချင်သလို ခြယ်လှယ်နေမှာပေါ့။

သံသရာမှာ တကယ်ခြယ်လှယ်တာက အဝိဇ္ဇာပါ၊ ဒါပေမယ့် နာမည်ကြီးတာက သမုဒယသစ္စာလို့ နာမည်ကြီးတယ်၊ သမုဒယသစ္စာက အဝိဇ္ဇာချုံခိုခွင့်ရလို့ သူကသောင်းကျန်းနေတယ်။

လမ်းခရီးတစ်ခုသွားတဲ့အခါ လမ်းဘေးမှာ ချုံပုတ်တွေ အကာအကွယ်တွေ အင်မတန်များတဲ့အခါ၊ ဓားပြတွေက ချောင်းနေတတ်တယ်။

http://www.dhammadownload.com



လမ်းသွားတဲ့ပုဂ္ဂိုလ်က ပိုက်ဆံတွေ ယူသွား၊ ရတနာတွေဝတ်ဆင်သွားဆိုတော့ ချုံခိုနေတဲ့ ဓားပြက ချောင်းပြီးတော့ ခရီးသွား တွေ့ရောက်လာတဲ့အခါ တစ်ကိုယ်လုံးမှာပါတဲ့ အဖိုးတန်ရတနာတွေကို လုယူတိုက်ခိုက်တတ်တဲ့ သဘောမျိုးပေါ့။

အဲဒီအတိုင်းပဲ အလွန့်အလွန် ရှည်လျားလှတဲ့ သံသရာခရီးရှည်ကြီးကို သွားကြရတဲ့ အခါကာလမှာလည်း၊ သံသရာခရီးရှည်ကြီးက အလွန်ရှည်ရတဲ့အထဲမှာ အဆင်းအတက်ကလည်း အလွန်ပေါ၊ ကြမ်းကလည်းကြမ်း၊ အဝိဇ္ဇာဆိုတဲ့ ချုံတွေအကာအကွယ်ယူပြီး ချုံခိုနေကြတဲ့ သမုဒယသစ္စာဆိုတဲ့ဓားပြတွေ၊ သမုဒယသစ္စာ အမျှုးပြုတဲ့ ကိလေသာဆိုတဲ့ ဓားပြတွေက ချောင်းပြီး "ပေးကွ မင်းသီလတွေ အကုန်ပေး၊ မင်းသမာဓိတွေ အကုန်ပေးခဲ့၊ မင်းပညာတွေ အကုန်ပေးခဲ့"လို့ ဒီကဖြည့်ကျင့်မယ် လုပ်ကာရှိသေး၊ သူကဖြည့်ကျင့်ခွင့်မပေးဘူး၊ အတင်းလုယူတိုက်ခိုက်တယ်။

ဒါကြောင့် သံသရာခရီးမှာ သမုဒယ သစ္စာ ဓားပြတွေက အဝိဇ္ဇာချုံကိုခိုပြီးတော့ သီလ, သမာဓိ, ပညာ အဖိုးတန်ပစ္စည်းတွေကို လုယူတိုက်ခိုက်

http://www.dhammadownload.com



တတ်တာကြောင့်ပါးစပ်က နိဗ္ဗာန်ရ, ရပါလို၏လို့ ဘယ်လိုပဲ ဆုတောင်းတောင်း, သူ (သမုဒယသစ္စာ) က တိုက်ခိုက်လုယူသွားတာနဲ့ပါ, ပါသွားတယ်၊ အဲဒါကို မြင်အောင်ကြည့်မှ သိက္ခာသုံးရပ် အဖိုး တန်တွေကို ခပ်သွက်သွက် မြန်မြန်ဖြည့်ကျင့် နိုင်မှာ။

http://www.dhammadownload.com

# ဖြစ်ပျက်ပြောင်းလဲနေတာ သံသရာ

သံသရာဆိုတာ ဤခန္ဓာကြီး ဖြစ်ပျက်ပြောင်းလဲနေတာ သံသရာခေါ်တယ်၊ သံသရာဆေားမှာမဟုတ်ဘူး၊ ဒီခန္ဓာကို သံသရာခေါ်တာ။

* **ခန္ဓာအာယတန၊ ဓာတ်၊ ချားရဟတ်လို**
**မပြတ်ဖြစ်ယေ၊ ဆက်စပ်နေ၊**
**မှတ်လေသံသရာ။**

ခန္ဓာတွေ အာယတနဓာတ်တွေ, အတိုချုပ်ခေါ်လိုက်တော့ ရုပ်နာမ်ခန္ဓာတွေ, ချားရဟတ်များလိုပဲ၊ အစအဆုံးဘယ်လိုမှ ရှာမရနိုင်လောက်အောင်ဖြစ်လိုက်ပျက်လိုက်, ဖြစ်လိုက်ပျက်လိုက်နဲ့ ပြောင်းလဲနေကြတာကို သံသရာခေါ်တယ်။

* **ခန္ဓာအာယတန၊ ဓာတ်၊ ချားရဟတ်လို၊**
**မပြတ်ဖြစ်ယေ၊ ဆက်စပ်နေ၊**
**မှတ်လေသံသရာ။**

http://www.dhammadownload.com



* အဝိဇ္ဇာမှောင်, ကင်းအောင်မပွား၊
မကြိုးစားလတ်၊ ခံအာဓာတ်၊
နောက်ထပ်ဖြစ်ဦး(အုန်း)မှာ၊

သာသနာနဲ့တွေ့နေတုန်း ခုနကပြောတဲ့ အဝိဇ္ဇာအမှောင်တွေကင်းသွားအောင်၊ သတိပဋ္ဌာန် လုပ်ငန်းစဉ်တွေ၊ ဝိပဿနာလုပ်ငန်းစဉ်တွေအထိ ကံထိန်းခလုတ်အသိဉာဏ်ကို တပ်ဆင်မြှင့်တင်ပြီး တော့ ကြိုးစားအားထုတ်ခြင်း မပြုသေးဘူးပဆိုရင် တော့ နောက်ထပ်ရုပ်နာမ်ခန္ဓာ သံသရာတွေ လာကြပေလိမ့်ဦးမယ်။

* အဝိဇ္ဇာမှောင်၊ ကင်းအောင်မပွား၊
မကြိုးစားလတ်၊ ခံအာဓာတ်၊
နောက်ထပ်ဖြစ်ဦး (အုန်း)မှာ။

* ဖြစ်လာပြန်က၊ ပျက်စီးရ၊ မုချဆင်းရဲပါ။

ဖြစ်လာရင်လည်း မခိုင်မြဲတာတွေသာ ဖြစ်ကြမှာကိုး၊ မခိုင်မြဲတာတွေ ဖြစ်ကြဦးမှာဆိုရင် ပျက်ကြဦးမှာပေါ့, ပျက်ကြဦးမယ်ဆိုရင် ဆင်းရဲရ ဦးမှာပဲ၊ အဲဒါကိုလဲ ဉာဏ်နဲ့ မြင်အောင် ကြည့်ထား ရမှာ။

http://www.dhammadownload.com

## အကြိမ်များစွာ ဖြစ်ခဲ့, ပျက်ခဲ့, နှိပ်စက်ခဲ့လှပြီ

- အတိတ်ကာလတုန်းကလည်း
- အကြိမ်များစွာ ခန္ဓာရခဲ့လို့
- အကြိမ်များစွာ ပျက်ခဲ့လှပြီ၊
- အကြိမ်များစွာ ပျက်ခဲ့ပြီဖြစ်တာကြောင့်
- အကြိမ်များစွာ ဆင်းရဲခဲ့လှပြီ၊
- ပစ္စုပ္ပန်မှာလည်း
- မခိုင်မြဲတာတွေဖြစ်တုန်းပဲ၊
- ဖြစ်တိုင်းဖြစ်တိုင်းလည်း
- ပျက်တုန်းပဲ၊
- ပျက်တိုင်း, ပျက်တိုင်းလဲ
- နှိပ်စက်နေတုန်းပဲ၊

ဒီလိုဆိုရင်တော့ အနာဂတ်ကာလမှာ အဝိဇ္ဇာ တဏှာမကင်းသေးသမျှ ရုပ် နာမ်ခန္ဓာ အသစ်တွေ

http://www.dhammadownload.com



လာကြဦးမယ်ဆိုရင်၊ မခိုင်မြဲတာတွေသာ လာကြဦး မယ် ဖြစ်တာကြောင့် ပျက်ကြ ပေလိမ့်ဦးမယ်၊ ပျက်ကြမယ်ဆိုရင် ဆင်းရဲကြ ရဦးမှာ၊ အဲဒါကို ဉာဏ်နဲ့မြင်အောင် ကြည့်ပြီး လမ်းရှင်းထား၊

- **ဖြစ်လာပြန်က၊ ပျက်စီးရ၊ မုချဆင်းရဲပါ။**

http://www.dhammadownload.com

# အဝိဇ္ဇာက အရမ်းမိုက်တော့ တဏှာက အရမ်းကြိုက်တယ်

* **အဝိဇ္ဇာမိုက်၊ တဏှာကြိုက်ကြောင့်၊ မောဟိုက်မဆုံး၊ အပူတုံးဖြင့်၊ နိမ့်ပြန် မြင့်ပြန်၊ အဖန်ဖန်၊ စုန်ဆန်မျောရပါ။**

အဝိဇ္ဇာက အရမ်းမိုက်တော့ တဏှာက အရမ်းကြိုက်တယ်၊ ရုပ်နာမ်ခန္ဓာတွေအပေါ်မှာ ဘယ်လိုမှ ခွဲခွာလို့ မရနိုင်အောင် အရမ်းနှစ်သက် တွယ်တာ၍နေတာဖြစ်သောကြောင့် ပူလို့မဆုံးဘူး၊ မောလို့မဆုံးဘူး။

**မောဟိုက်မဆုံး၊ အပူတုံးဖြင့်** ဆိုသလို ငိုလို့မပြီး၊ ပူလို့မပြီး၊ အိုလို့နာလို့ သေလို့မပြီးနိုင်ဘူးလို့ပြောလိုရင်းပါ။

http://www.dhammadownload.com



**နိမ့်ပြန်မြင့်ပြန်ရဲ့** အဓိပ္ပါယ်သဘောက သံသရာခရီးသွားရတာ ကိုယ်သွားချင်တိုင်း သွားလို့ ရတာမဟုတ်ဖူး၊ ရှိသလိုသွားရတာဆိုတော့ နိမ့်လိုက် မြင့်လိုက်, နိမ့်လိုက်မြင့်လိုက်,

နိမ့်တာနဲ့ မြင့်တာမှာ နိမ့်တာကများများ မြင့်တာက တစ်ခါတစ်လေလေးမှ၊ အစုန်နဲ့အဆန်မှာ, အစုန်ကများများ၊ အဆန်က တစ်ခါတစ်လေ လေးမှ။

ယခု မိမိတို့တွေမှာအမြင့်ပိုင်းကို ရောက်နေကြပြီ၊ အဆန်ခရီးရောက်နေကြပြီ၊ ရောက်တုန်းလေး ကြိုးစားကြရမယ်။

**နိမ့်ပြန်မြင့်ပြန်, အဖန်ဖန်, စုန်ဆန်မျောရပါ**တဲ့၊ ဒီအဝိဇ္ဇာကင်းအောင် မရှင်းနိုင်သေးသမျှ သက္ကာယဒိဋ္ဌိကင်းအောင် အားမထုတ်နိုင်သေးသမျှ တော့၊ နောက်ထပ် ကျွဲသံသရာကြီးတွေ၊ နွားသံသရာကြီးတွေ, ကြက်သံသရာကြီးတွေ, ဝက်သံသရာကြီးတွေ မရောက်ရပါဘူးလို့ ဘယ်သူမှ အာမ မခံနိုင်ပါဘူး။

အဲသလိုဆိုရင်တော့ သာသနာနဲ့ တွေ့တုန်းလေးမှာ ကံထိန်းခလုတ်ခေါ်တဲ့ အသိဉာဏ်ကို

http://www.dhammadownload.com



ပြတ်ပြတ်သားသား တပ်ဆင်၍ ဦးတည်ချက်ကို ရှင်းရှင်းလေးထားပြီးတော့ အစွမ်းကုန် အချိန်ကို မဖြုန်းပဲ ကြိုးစားအားထုတ်မှ တော်ပေလိမ့်မယ်။

* **အဝိဇ္ဇာမိုက်၊ တဏှာကြိုက်ကြောင့်၊ မောဟိုက်မဆုံး၊ အပူတုံးဖြင့်၊ နိမ့်ပြန်မြင့်ပြန် အဖန်ဖန်၊ စုန်ဆန်မျောရပါ။**

http://www.dhammadownload.com

# အဝိဇ္ဇာအမှောင်လင်းမှ
# ရှင်းရှင်းလေးမြင်ရ သိရမှာ

* **အဝိဇ္ဇာမှောင်၊ ကင်းအောင်ဖြိုခွင်း၊**
**ဉာဏ်အလင်း၊ ထည့်သွင်းမြတ်ပညာ။**

အဝိဇ္ဇာအမှောင်က မီးထွန်းလို့လည်းမလင်း, နေဘယ်နှစ်စင်းထွက်လည်း မလင်း၊ လဘယ်နှစ်စင်းထွက်လည်း လင်းမှာမဟုတ်၊ အသိပညာညှိထွန်းမှလင်းမှာ။

အသိပညာကလည်း ဘဝရပ်တည်ရေးပညာခေါ်တဲ့တစ်ဖက်မြင်ပညာနဲ့လည်း မလင်းဘူး၊ နှစ်ဖက်မြင်ပညာခေါ်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိထိုမှတက်၍ ဝိပဿနာသမ္မာဒိဋ္ဌိအဆင့်ထိ မြှင့်ပေးပါမှ ဟောဒီ အဝိဇ္ဇာမှောင်လင်းမှာ၊ လင်းမှလည်း

http://www.dhammadownload.com



ရှင်းရှင်းလေး အလုပ်လုပ်လို့ဖြစ်မှာ၊ ရှင်းရှင်းလေး မြင်ရသိရမှာပေါ့။

* **ဗုဒ္ဓညွှန်ကြား ၊မြတ်တရားကြောင့်၊**
  **အမှားကင်းစင်၊ စိတ်ကြည်လင်**
  **အမြင်ရှင်း၍လာ၊**

မြတ်စွာဘုရားကျေးဇူး ဘယ်လောက်များကြီးသလဲ၊ ယခုစွယ်တော်ရှင် မြတ်စွာဘုရားကြီးကို သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်အနန္တကို အာရုံပြုပြီတော့ ပူဇော်ကြရမှာပါ။ ဘုရားကျေးဇူးကြောင့် **အမှားကင်းစင်၊ စိတ်ကြည်လင်၊ အမြင်ရှင်း၍လာ။**

ဘုရားကျေးဇူးကြောင့် အမှားကင်းနေကြတယ်, လမ်းရှင်းနေကြတယ်, စိတ်တွေကြည်ပြီး ကောင်းတဲ့ အလုပ်တွေလုပ်တတ်နေကြတယ်၊ မကောင်းတာတွေကိုလည်းရှောင်တတ်နေကြတယ်၊ လမ်းရှင်းနေတုန်းမှာတော့ သွက်သွက်လေးကြိုးစားရလိမ့်မယ်၊ အဲဒီသဘောကို ဖော်ပြပါတယ်။

* **ခန္ဓာအာဓာတ်၊ ချားရဟတ်လို၊**
  **မပြတ်ဖြစ်ပေ၊ ဆက်စပ်နေ၊**
  **မှတ်လေသံသရာ၊**

http://www.dhammadownload.com



* အဝိဇ္ဇာမှောင်၊ ကင်းအောင်မပွား၊
  မကြိုးစားလတ်၊ ခံအာဓာတ်၊
  နောက်ထပ်ဖြစ်ဦး(အုန်း)မှာ။
* ဖြစ်လာပြန်က၊ ပျက်စီးရ၊ မုချဆင်းရဲပါ။
* အဝိဇ္ဇာမိုက်၊ တဏှာကြိုက်ကြောင့်၊
  မောဟိုက်မဆုံး၊ အပူတုံးဖြင့်၊
  နိမ့်ပြန်မြင့်ပြန်၊ အဖန်ဖန်၊ စုန်ဆန်မျောရပါ။
* အဝိဇ္ဇာမှောင်, ကင်းအောင်ဖြိုခွင်း၊
  ဉာဏ်အလင်း၊ ထည့်သွင်းမြတ်ပညာ။
* ဗုဒ္ဓညွှန်ကြား၊ မြတ်ရားကြောင့်
  အမှားကင်းစင်, စိတ်ကြည်လင်၊
  အမြင်ရှင်း၍လာ။

အဲသလိုဆို သာသနာကျေးဇူး ဘုရားကျေးဇူးကြောင့် ရုပ်နာမ်အကြောင်း၊ ကံအကြောင်း သစ္စာအကြောင်း၊ မိမိတို့မှာ နားလည်ခွင့် ရကြရတယ်၊ နားလည်ခွင့်ရတုန်း ကြိုးစားပေးကြရမှာပေါ့၊ တွန်းပေးကြရမှာပေါ့။

http://www.dhammadownload.com

## ဇရာကြီးက အမြဲတမ်းတွန်းနေတယ်

မိမိကမတွန်းပေမယ့် ဇရာကြီးကတော့ တအိအိဖြိုချနေတာပဲ၊ သူ (ဇရာကြီး)ကတော့ အမြဲတမ်းတွန်းနေပါတယ်၊ တွန်းနေတော့ ခန္ဓာစု မြေကျွေးဖို့ဆိုတာမျိုးလိုပေါ့။

ဇရာက တွန်းချနေတော့၊ ခန္ဓာစုတာ မြေကြီးကျွေးဖို့ ဦးတည်နေတာပဲ။

ပစ္စည်းစုထိုက်သူဖို့၊ ပစ္စည်းစုတာ ဘယ်သူ့ဖို့ စုတာလဲ၊ ထိုက်တဲ့ပုဂ္ဂိုလ်တွေ သုံးကြပါစေလို့ စုပေးတာ။

ကိုယ်လည်း သုံးချင်သုံးရမှာပဲ၊ ထိုက်တဲ့ ပုဂ္ဂိုလ်တွေသုံးချင်လည်း သုံးသွားမှာပဲ၊ ရန်သူမျိုး ငါးပါးကလည်း လက်ဦးချင်ဦးသွားတယ်။

http://www.dhammadownload.com



တရားစု မိမိဖို့တဲ့၊ တရားစုတာ ဘယ်သူ့အတွက်လဲ၊ ကိုယ့်အတွက်၊ ဒါကြောင့် ခန္ဓာစုကြတာမြေကျွေးဖို့ စုကြတာ၊ ပစ္စည်းစုတာက ထိုက်တဲ့ပုဂ္ဂိုလ်တွေ သုံးကြပါစေလို့ ထိုက်တဲ့ပုဂ္ဂိုလ်တွေအတွက်စုပေးတာ၊ တရားစုကြတာ မိမိအတွက် (နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း) ကောင်းတဲ့အလုပ်ကို လုပ်ကြတာ။

ဒါကြောင့် သာသနာတွေ့လို့ လမ်းကြောင်းလေးပေါ်တုန်းမှာတော့ အစွမ်းကုန်ကြိုးစားကြရမှာ။

http://www.dhammadownload.com

# မိုးသီးကောက်သလို

လူ့လောကမှာ စစရာက တရားနဲ့ ပစ္စည်း နှစ်မျိုး ရှိပါတယ်၊ တရားရှာဖွေစုဆောင်း ရေးကို သဒ္ဓါတရားက တာဝန်ပေး၍၊ ပစ္စည်း ရှာဖွေရေး ကိုတော့ ခန္ဓာကိုယ်ကြီးက တာဝန်ပေး ပါတယ်။

* **တရားဥစ္စာ၊ စစရာ၊ လူမှာနှစ်မျိုးရှိ။**

လူ့လောကမှာစစရာက တရားရယ်၊ ပစ္စည်း ဥစ္စာရယ် နှစ်မျိုးပါ။

* **ပစ္စည်းစုမှု၊ ဘုံဆိုင်ဟူ၊ ရန်သူဝိုင်း၍ ပူရ၏။**

ပစ္စည်းဆိုတာ ခန္ဓာက တာဝန်ပေးလို့ ရှာရပေမယ့် ဘုံဆိုင်ဆိုတော့ ရန်သူတွေဝိုင်းပြီးတော့ ရသလောက်ပူရပါတယ်။

* **ရှာလိုက်ရလိုက်၊ ကုန်သွားလိုက်၊ မောဟိုက်မဆုံးရှိချေ၏။**

http://www.dhammadownload.com



တရားမပါတဲ့ ပုဂ္ဂိုလ်များရဲ့ ပစ္စည်းဥစ္စာ ရှာဖွေ ခြင်းဟာ မိုးသီးကောက်သလိုပဲ၊ မိုးရွာလို့ မိုးသီးများ ကျလာတဲ့အခါ အထူးအဆန်းလုပ်ပြီး အိုးတွေခွက် တွေပုံးတွေ ဇလုံတွေနဲ့ ကောက်ယူကြတဲ့အခါ မိုးသီးဆိုတာက အေးတုန်းသာခဲတာကိုး။

မိမိက အိုးတွေခွက်တွေထဲထည့်ပြီး အိမ်ထဲသယ်၊ အိမ်ထဲရောက်တော့ အပူဓာတ်ငွေ့နဲ့ တွေ့လို့ အရည်ပျော်, မိုးသီးတစ်လုံးမှ မကျန်တော့ဘူး။

ဒါမျိုးလိုပဲ၊ တရားမပါပဲနဲ့ ပစ္စည်းရှာတာ မိုးသီးကောက်တာနဲ့တူတယ်၊ နေ့တိုင်းနေ့တိုင်း ကျွေးလိုက်မွေးလိုက်ရတာပဲ၊ ဒါပေမယ့် လက်ဆုပ်လက်ကိုင် ပြစရာဘာမှ မရှိဘူး၊ အိုတာပဲရှိတယ်၊ မောတာပဲရှိတယ်၊ဒါကြောင့်-

* **ရှာလိုက်ရလိုက်၊ ကုန်သွားလိုက်**
  **မောဟိုက်မဆုံး ရှိချေ၏။**

ရှာလိုက်ပြန်ပြီ၊ ရလာပြန်ပြီ၊ ကုန်သွားပြန်ပြီ၊ ကုန်တာကလည်း ပုံစံအမျိုးမျိုးပေါ့။

သုံးလို့ကုန်တာ, ဖြုန်းလို့ကုန်တာ, ပျက်လို့ကုန်တာ, ပျောက်လို့ကုန်တာ, ရန်သူမျိုးငါးပါး

http://www.dhammadownload.com



လက်ဦးလို့ကုန်တာ အမျိုးမျိုးပဲ၊ တရားသာမပါရင် မောတာပဲရှိမယ်။

# ကိုယ့်ကိုကိုယ်မယုံရင် ဘယ်သူ့ကိုယုံမှာလဲ

* **ကိုယ့်ကိုမယုံ၊ မလုံခြုံ၊ အကုန်ကြောက်ရ၏။**

အဆိုးဆုံးက ကိုယ့်ဟာကိုယ် မယုံတာ အဆိုးဆုံး၊ ကိုယ့်ဟာကိုယ်တောင်မှ မယုံဘူးဆိုရင် ဘယ်သူ့ကိုယုံကြမှာတဲ့လဲ၊ ယုံတယ်ဆိုတာ သဒ္ဓါတရား ရှိတာကိုပြောတာ။

ကိုယ့်ဟာကိုယ် မယုံတော့ဘူးဆိုရင် ဟောဒီ ခန္ဓာကိုယ်ကြီးလည်း မလုံတော့ဘူး၊ ကိုယ်ရှာထား တဲ့ပစ္စည်းတွေလည်း ဘယ်ဟာမှ မလုံတော့ဘူး။

* **တရားစမှ၊ ကိုယ်ပိုင်ရ၊ မုချချမ်းသာ၏။**

http://www.dhammadownload.com



တရားကိုပါတွဲပြီး စုဆောင်းရှာဖွေကြမှ သာလျှင် ကိုယ်ပိုင်ရကြလိမ့်မယ်၊ စိတ်အေးကြောင်း အစစ်တွေကို ရကြလိမ့်မယ်၊ ကေန်လည်း ချမ်းသာ လိမ့်မယ်။

http://www.dhammadownload.com

# ကုသိုလ်ကို ကုသိုလ်နှင့် တူအောင်လုပ်ပြီးတိုင်း အမောပြေတယ်

* **အမောလည်းပြေ၊ စိတ်အေးစေ၊
  အနေရှင်း၍ ရင့်ကျက်၏။**

တရားပါတွဲရှာတဲ့ပုဂ္ဂိုလ်ကျတော့ အမော ပြေတယ်၊ ကုသိုလ်လုပ်လို့ ပြီးတိုင်း ပြီးတိုင်း အမော ပြေတယ်။

ကုသိုလ်လုပ်လို့မောလိုက်တာဆိုရင် ကုသိုလ်ကို ကုသိုလ်နဲ့တူအောင် မလုပ်လို့ မောတာဖြစ်ပါလိမ့်မယ်၊ ကုသိုလ်စစ်စစ်သည် လူကိုမမော စေပါဘူး၊ အမောပြေသွားစေတယ်။

ဒါနတစ်ခါလုပ်လို့ပြီးတိုင်းပြီးတိုင်း၊ သီလ တစ်ခါကျင့်သုံးလို့ ပြီးတိုင်းပြီးတိုင်း၊ ဘုရား

http://www.dhammadownload.com



တစ်ခါရှိခိုးလို့ ပြီးတိုင်းပြီးတိုင်း၊ မေတ္တာ တစ်ခေါက် ပို့လို့ပြီးတိုင်းပြီးတိုင်း အစရှိသည်ဖြင့်ပေါ့၊ ကုသိုလ်ကို ကုသိုလ်နဲ့တူအောင် လုပ်မယ်ဆိုရင် စိတ်ကို အမောပြေသွားစေတယ်။

ပစ္စည်းရှာရကျိုး နပ်လိုက်တာ၊ ခန္ဓာကိုယ်ကြီးကျွေးရကျိုးနပ်လိုက်တာ၊ လူဖြစ်ရကျိုး နပ်လိုက်တာ အစရှိသည်ဖြင့် အမောပြေသွားစေတယ်၊ စိတ်ကိုလည်း အေးချမ်းစေတယ်။

အာရုံတွေ ဘယ်လောက်ရှုပ်ယှက်ခတ်သော်လည်း နေတတ်ထိုင်တတ် စိတ်ကို ရှင်းရှင်းလေးထားတတ်တာ ဖြစ်သောကြောင့်, နေရထိုင်ရတာ ရှင်းလင်းပေါ့ပါးနေတယ်၊ ခံနိုင်မှုစွမ်းအားတွလည်း ရနေတယ်။ (တရားစွမ်းအားကြောင့်ပေါ့)

http://www.dhammadownload.com

# တရားကဆောင်သွားတယ်

တရားစွမ်းအားတွေကြောင့် ငိုစရာတွေ တွေ့ပြုံးနိုင်တယ်၊ ကြောက်ရွံ့ထိတ်လန့်စရာတွေ့ရင် မကြောက်မထိတ်မလန့်ဘဲ ဣန္ဒြေမပျက်နေနိုင်တယ်၊ စိတ်ညစ်စရာတွေ၊ စိတ်ရှုပ်စရာတွေ၊ စိတ်ပျက်စရာတွေ တွေ့ရပေမယ့်၊ မညစ်ပဲ၊ မရှုပ်ပဲ၊ မပျက်ပဲနဲ့ ရှင်းရှင်းလေးစိတ်ကို ထားလာတယ်။

တရားစွမ်းအားပါတွဲရှာမယ်ဆိုရင် တရားကဆောင်သွားတာပဲ၊ တရားဆိုတာ "ဓရ"ဆိုတဲ့ ပါဠိကလာတာ၊ "ဓရ"ကနေ "တရ"၊ တရကနေ "တရား"ပေါ့။

- **ဆောင်တယ်ဆိုတာ ဘယ်လိုဆောင်တာလဲ?**
- **အခြေအနေမှဲ့ ဖြစ်မသွားရလေအောင်**

http://www.dhammadownload.com



* အောက်ကျနောက်ကျ ဖြစ်မသွားရလေအောင်
* ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်မသွားရလေအောင်
* ဆွဲဆောင်ချီမလို့ထားတယ်။
* အဲဒါကြောင့်လည်း တရားလို့ခေါ်တယ်။

မိမိလိုအပ်တဲ့ ဦးတည်ချက်ပန်းတိုင်သို့ မရောက် မချင်းသယ်ဆောင်သွားတတ်တာကြောင့် မိမိလိုအပ်တဲ့ ပန်းတိုင်အရောက် ဖြောင့်တန်းစွာ သယ်ဆောင်ပြီး သွားနိုင်တာကြောင့်လည်း တရားလို့ခေါ်တယ်။

အဲဒီတရားကို နေ့တိုင်းစုရမှာ၊ သူ (တရား) လည်း စီးပွားရေးအလုပ်တစ်ခုပဲ။

http://www.dhammadownload.com

# သဒ္ဓါတရားရှိလျှင် ကိုယ့်ကိုကိုယ်ယုံ၏

သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်များဟာ ကိုယ့်ဟာကိုယ်ယုံတယ်၊ ကိုယ့်ဟာကိုယ်ယုံတယ်ဆိုရင် ရတနာသုံးပါးလည်း လက်ခံတော့တာပဲ၊ ကံ, ကံ၏အကျိုးလည်း လက်ခံတော့တာပဲ၊ အဲဒါဆိုရင် တရားအင်အားတွေရအောင်စုပြီး ပျော်ရတယ်၊ အားတက်ရတယ်ပေါ့။

ယောအစစ်ဖြစ်ဖို့ဆိုရင် ယောအမည်ရတဲ့ တရားတွေ နေ့တိုင်းစုရမှာ၊ ဇာတိဒေသအားဖြင့်သာ ယောနာမည်ရတာမဟုတ်ဘဲ၊ လုပ်ငန်းသဘောအားဖြင့် ယောအမည်ရအောင် ကြိုးစားကြရမှာပါ။

* တရားဥစ္စာ၊ စုစရာ၊ လူမှာနှစ်မျိုးရှိ၊
* ပစ္စည်းစုမူ၊ ဘုံဆိုင်ဟူ၊ ရန်သူ့ဝိုင်း၍ ပူရ၏။

http://www.dhammadownload.com



* ရှာလိုက်ရလိုက်, ကုန်သွားလိုက်, မောပိုက် မဆုံး ရှိချေ၏။
* ကိုယ့်ကိုမယုံ၊ မလုံခြုံ၊ အကုန်ကြောက်ရ၏။
* တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချချမ်းသာ၏။
* အမောလည်းပြေ၊ စိတ်အေးစေ၊ အနေရှင်း၍ ရင့်ကျက်၏။
* ကိုယ့်ကိုယုံသော်၊ စွမ်းအားပေါ်၊ ရွှင်ပျော်အားတက်၏။

ဒါကြောင့် ကိုယ့်ကိုကိုယ်ယုံတယ်ဆိုတဲ့ သဒ္ဓါတရားရှိမှ၊ ယောအမည်ရသော ကုသိုလ်တရားများ ပိုင်ဆိုင်ခွင့်ရမယ်။

http://www.dhammadownload.com

## ယောအစစ်ဆိုရင်

ယောဆိုတာဘာကြောင့် ခေါ်သလဲ၊ အတို ချုပ်က နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဖြစ်လို့၊ အဲဒါကို နည်းနည်းချဲ့လိုက်တော့-

**ယာတိယာပေတိယောမည်၏**

**ယာတဗ္ဗောတိစယာပိတော**

**ယော ယာယတိစ တေနေ**

**ယော ဇွေ ခေဝ ယာယတိ။**

ဘုရားဟောမဟုတ်ပါဘူး၊ ဘုရားဟော ပါဠိတရားစကားတွေ သက်ဝင်အောင်လို့ဆိုပြီး ဓမ္မသဘာဝအားဖြင့် ယောဆိုတဲ့ အသံတူရအောင် လို့ စီကုံးရေးသားထားတဲ့ဂါထာပါ၊

အဓိပ္ပါယ်သဘောကတော့ ဘုရားဟော ပေါ့, ဂါထာကတော့ ဘုရားဟောမဟုတ်ပါဘူး၊ ကိုယ့်ဟာကိုယ် စီကုံးထားတာပါ။

http://www.dhammadownload.com



**ယာတိယာပေတိယောမည်၏--ယာခေတ်** ဆိုတာ စောစောကပြောတဲ့ အတိုင်း ရောက်တယ်, ဖြစ်တယ်, သိတယ်လို့ အဓိပ္ပာယ်ရတယ်။ ဒီမှာ **ယာတိ** ဆိုတော့ ရောက်တတ်တယ်၊ ဖြစ်တတ်တယ်၊ သိတတ်တယ်၊ အဲဒါကြောင့် ယော ခေါ်တယ်။

* ပဓာနအားဖြင့်
* ကောင်းမှုကုသိုလ်တရားကို
* ယောလို့ ခေါ်တယ်၊
* ယောအမည်ရတဲ့ ကောင်းမှုတရား
* ကိန်းဝပ်ရာပုဂ္ဂိုလ်သည်
* ယောအမည်ရသွားတယ်၊
* ဒါကြောင့် ယောအစစ်ဆိုရင်
* ကောင်းတဲ့အလုပ်ကို လုပ်ရမယ်၊
* ကောင်းတဲ့အပြောကို ပြောရမယ်၊
* ကောင်းတဲ့အကြံအစည်ကို တွေးတော ရမယ်၊
* အဲဒါမှ ယောအစစ်။

http://www.dhammadownload.com

# ချစ်ခင်ညီညွတ်စွာ ရောက်လာတတ်သောကြောင့် "ယော"ခေါ်သည်

ကုသိုလ်မှန်သမျှ အကုန်ယောတွေချည်းပဲ၊ ဒါကြောင့် ဒီစကားလေးက

* **ချစ်ခင်ညီညွတ်၊ ရောက်လာတတ်၊ သိမှတ်ယောခေါ်သည်။**

ချစ်ခင်ညီညွတ်စွာ ရောက်လာတတ်သောကြောင့် ယောခေါ်တယ်၊ ဒါန သီလ သမထ ဝိပဿနာ ကောင်းမှုစွမ်းအား မြတ်တရားတွေဆိုတာ ချစ်ခင် ညီညွတ်စွာ ရောက်လာကြတယ်။

သဒ္ဓါကလည်း သူ့တာဝန်နှင့်သူ မခိုမကပ်၊ ဝီရိယလည်း သူ့တာဝန်နှင့်သူ မခိုမကပ် တက်တက်ကြွကြွ၊ သတိကလည်း သူ့တာဝန်နှင့် သူပိုင်ပိုင်နိုင်နိုင် စူးစူးစိုက်စိုက်, ပညာကလည်း အလင်းရောင်ပေးပြီး သူ့တာဝန်နှင့်သူ ရှင်းရှင်း

http://www.dhammadownload.com



လင်းလင်း ညီညီညွတ်ညွတ်၊ အခြားဖသသစတဲ့ တရား တွေကိုပါ စည်းရုံး၍ ညီညီညွတ်ညွတ်နဲ့ ဖြစ်ပေါ်လာခါမှ ယောအမည်ရတဲ့ ကုသိုလ်ရယ်လို့ ပေါ်လာရတယ်။

အဲသလို ညီညီညွတ်ညွတ်နဲ့ ရောက်လာတတ်သောကြောင့်, ချစ်ခင်စရာအနေနဲ့ ရောက်လာတတ်သောကြောင့်, ကုသိုလ်တရားမှန်သမျှ အကုန်လုံးကို ယောခေါ်တယ်။

ယောအမည်ရတဲ့ ကုသိုလ်တရား ကိန်းဝပ်တဲ့ပုဂ္ဂိုလ် ကုသိုလ်ကို စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်လည်း ယောခေါ်တယ်၊ အဲသလိုဆိုရင် လုပ်ငန်းသဘောအားဖြင့်လည်း ယောအမည်ရအောင် ကြိုးစားရမှာပေါ့။

- **ချစ်ခင်ညီညွတ်၊ ရောက်လာတတ်၊ သိမှတ်ယောခေါ်သည်။**

အဲသလိုဆိုရင် ယောသူယောသားဟာလည်း တစ်ယောက်နဲ့တစ်ယောက် ချစ်ရမယ်၊ ခင်ရမယ်၊ တစ်ယောက်ကိစ္စ တစ်ယောက် ညီညီညွတ်ညွတ်နဲ့ ကူညီဆောင်ရွက်တတ်ရမယ်။

http://www.dhammadownload.com

# ချစ်ခင်စရာဖြစ်သောကြောင့် ယောခေါ်သည်

* ချစ်ခင်စရာ၊ ဖြစ်တတ်ပါ၊
  မှန်စွာ ယောခေါ်သည်။

ချစ်ခင်စရာဖြစ်တတ်သောကြောင့် ယောခေါ်တယ်၊ ကုသိုလ်တရားတွေဟာ ချစ်စရာအနေနဲ့ ဖြစ်ကြတာချည်းပဲ။

"ကျွန်တော်က မိဘအရာမှာ တည်ပြီးတော့ ကောင်းတဲ့အကျိုးတွေ ပေးမှာပါခင်ဗျ၊ ကြောက်စရာတွေ တားဆီးပေးမှာပါခင်ဗျ၊ လိုချင်တာအားလုံးဆောင်ရွက်ပေးမှာပါခင်ဗျ"နဲ့ မပြောပေမယ့် ပြောသလိုပဲချင်စရာသဘောအနေနဲ့ ပေါ်ပေါ်လာကြတယ်၊ ကုသိုလ်တစ်ခါလုပ်ပြီးတိုင်း၊ လုပ်ပြီးတိုင်းပျော်လိုက်ရတာလည်း မပြောပါနဲ့တော့။

http://www.dhammadownload.com



အဲသလို ပျော်ရွှင်သွားအောင်၊ အားတက်သွားအောင်လို့ ချစ်ခင်စရာအနေနဲ့ စိတ်နှလုံးခန္ဓာအစဉ်မှာ သဒ္ဓါတရား တံခါးပေါက်က ဝင်ရောက်၍ ဖြစ်ပေါ်လာကြတာကြောင့် ကုသိုလ်တရားမှန်သမျှ ယောအမည်ရတယ်။

* **ချစ်ခင်စရာ၊ ဖြစ်တတ်ပါ၊**
**မှန်စွာ ယောခေါ်သည်။**

http://www.dhammadownload.com

# အသိတရား
# ပြည့်ဝထူးခြားသောကြောင့်
# ယောခေါ်သည်

- ချစ်ခင်ကြည်ဖြူ၊ သိတတ်မှု၊ မှတ်ယူယောခေါ်သည်။

ကုသိုလ်တရား စစ်စစ်ကျတော့ ဝိဝဋ္ဋနိဿိတကျတော့ ဉာဏသမ္ပယုတ်ကိုး၊ ဉာဏ်ဦးစီးလာတာ။

ချစ်ခင်ကြည်ဖြူစရာအနေနဲ့ သဒ္ဓါတရား၊ အသိပညာတရား ဦးစီးပြီး၊ အသိတရားအပြည့်အဝနဲ့ ပေါ်လာတာဖြစ်သောကြောင့် ကုသိုလ်မှန်သမျှ နိဗ္ဗာန်ရောက်ကြောင်း ဝိဝဋ္ဋနိဿိတ ကောင်းမှုမှန်သမျှ အကုန်လုံးယောအမည်ရတယ်။

http://www.dhammadownload.com



အဲဒီတရား ကိန်းဝပ်တဲ့ပုဂ္ဂိုလ်၊ ကုသိုလ်ကို စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်၊ သိက္ခာသုံးရပ် အကျင့်မြတ်ကို ဖြည့်ကျင့်နေတဲ့ ပုဂ္ဂိုလ်ဟာလည်း ယောအမည်ရတယ်။

http://www.dhammadownload.com

## ယောသူယောသားဆိုတာ

အဲသလိုဆိုရင် ယောသူ ယောသားဆိုတာလည်း အသိတရားထူးခြားရမယ်၊ ချစ်ခင်ကြည်ဖြူစွာ အသိတရားထူးခြားရမယ်၊ အဲသလို အသိထူးခြားမှ ယောသူယောသားအစစ်ဖြစ်တယ်။

* **ယောသူယောသား၊ ရိုးဖြောင့်ဖြား၊ စိတ်ထားဖြူရမည်၊**

ကောင်းတဲ့အလုပ်လုပ်တတ်တဲ့ ပုဂ္ဂိုလ်ကို ယောခေါ်ထားတာပဲ၊ အဲသလိုဆို ယောသူယောသားအစစ်ဆိုရင် (ယောအစစ်ဆိုရင်) ရိုးဖြောင့်ရမယ်၊ ဖြူစင်ရမယ်၊ သန့်ရှင်းရမယ်၊ အကောက်တွေ, အလိမ်တွေ, အညစ်တွေများရင် ယောအစစ်မဟုတ်ဘူး၊ ယောဟာ ကောင်းတဲ့သဘော ဖော်ပြတာ။

http://www.dhammadownload.com



* ချစ်ခင်ညီညွတ်၊ ရောက်လာတတ်၊
  သိမှတ်ယောခေါ်သည်။
* ချစ်ခင်စရာ၊ ဖြစ်တတ်ပါ၊
  မှန်စွာယောခေါ်သည်။
* ချစ်ခင်ကြည်ဖြူ၊ သိတတ်မူ၊
  မှတ်ယူယောခေါ်သည်။
* ယောသူယောသား၊ ရိုးဖြောင့်ဖြား၊
  စိတ်ထားဖြူရမည်

ယောဆိုတာ ကောင်းတဲ့သဘော ဖော်ပြတာ၊ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းဖြစ်တဲ့ ကုသိုလ်ကို ပဓာနထားပြီးတော့ပြောတာ။

http://www.dhammadownload.com

# ချမ်းသာသုံးပါးကို ရောက်စေဖြစ်စေတတ်သောကြောင့် ယောခေါ်သည်

* ချမ်းသာသုံးရပ်၊ ရောက်စေတတ်၊ သိမှတ်ယောခေါ်သည်။

ပြီးတော့၊ ယာပေတိဆိုတာ ရောက်စေတယ်, ဖြစ်စေတယ်, သိစေတယ်၊ အဲဒီအဓိပ္ပာယ်ကို ပြတယ်။

ဘယ်ကိုရောက်စေတာလဲ?၊ ချမ်းသာသုံးပါးကို ရောက်စေတတ်တယ်။

ကုသိုလ်ကို ကုသိုလ်နဲ့တူအောင် ဉာဏ်ဦးစီးပြီးတော့ ပြုလုပ်အားထုတ်လိုက်မယ်ဆိုရင် အဲဒီကောင်းမှုကုသိုလ်တရားသည် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာသို့ကေန်ရောက်စေတတ်တယ်။

http://www.dhammadownload.com



ဒါကြောင့် ကုသိုလ်မှန်သမျှ ယောတွေ ချည်းပဲ။

* ချမ်းသာသုံးရပ်၊ ရောက်စေတတ်၊ သိမှတ်ယောခေါ်သည်။
* ချမ်းသာသုံးဖြာ၊ ဖြစ်စေပါ၊ မှန်စွာယောခေါ်သည်။

အဲဒီချမ်းသာသုံးဖြာကိုလဲ ဖြစ်စေတတ်သော ကြောင့် ယောလို့ခေါ်တယ်။

http://www.dhammadownload.com

# သစ္စာလေးပါးကို သိစေတတ်သောကြောင့် ယောခေါ်သည်

* သစ္စာလေးဆု၊ သိစေမှု၊ မှတ်ယူယောခေါ်သည်။

သိစေတာက ဘာကိုသိစေသလဲ၊ သစ္စာလေးပါးကိုသိစေတယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတယ်ဆိုတာ သစ္စာလေးပါး သိမှရတာကိုး။

သစ္စာလေးပါးကို မျက်မှောက်တိုက်ရိုက်သိရကာမှ ထိုးထွင်းပြီး သိရကာမှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရယ်လို့ရတာ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရတာ။

ဒါကြောင့် ဝိဝဋ္ဋနိဿိတ သိက္ခာသုံးရပ်အကျင့်မြတ် လမ်းကြောင်းအတိုင်းသွားတဲ့ ကောင်းမှုကုသိုလ်တရား မှန်သမျှသည် သစ္စာလေးပါး

http://www.dhammadownload.com



အမှန်တရားကို သိစေတတ်သောကြောင့် ယော အမည်ရတယ်။

အဲဒီယောအမည်ရတဲ့ သိက္ခာသုံးရပ် အကျင့်မြတ်ပိုင်ဆိုင်ခွင့်ရတဲ့ ပုဂ္ဂိုလ်လည်း ယော အမည်ရတယ်။

ဒါကြောင့် ဇာတိဒေသအားဖြင့်သာ ယော အမည်ရတာမဟုတ်ဘဲ၊ လုပ်ငန်းသဘောအကျင့် တရားအားဖြင့်လည်း ယောအမည်ရအောင် ကြိုးစားရလိမ့်မယ်။

ယောအမည်ရတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြု နိုင်ဖို့၊ ယောအမည်ရတဲ့ သိက္ခာသုံးရပ် အကျင့်မြတ် လမ်းစဉ်ဖြင့် ကြိုးစားရပေလိမ့်မယ်။

* ချမ်းသာသုံးရပ်၊ ရောက်စေတတ်၊
  သိမှတ်ယောခေါ်သည်။
* ချမ်းသာသုံးဖြာ၊ ဖြစ်စေပါ၊
  မှန်စွာယော ခေါ်သည်။
* သစ္စာလေးဆူ၊ သိစေမှု၊
  မှတ်ယူယောခေါ်သည်။
* ယောသူယောသား၊ ရိုးဖြောင့်ဖြား၊
  စိတ်ထားဖြူရမည်။

http://www.dhammadownload.com



ဒါကြောင့် ယောအမည်ရတဲ့ ကုသိုလ်တရား သည် ချမ်းသာသုံးပါး နိဗ္ဗာန်အထိ ရောက်စေ တတ်တယ်၊ ချမ်းသာသုံးတန် နိဗ္ဗာန်အထိ ကောင်း ကျိုးကို ဖြစ်စေတတ်တယ်၊ သစ္စာလေးပါး အမှန် တရားကို သိစေတတ်တယ်၊ အဲဒါကြောင့် ယော ဆိုတဲ့အမည်ကို ရပါတယ်။

## ချစ်ခင်လေးမြတ်စွာ ရောက်ရှိအပ်သောကြောင့် ယောခေါ်သည်

**ယာ တဗ္ဗောတိစ ယာပိတော**

သိအပ်ရောက်အပ်တယ်၊ ဖြစ်စေအပ်တယ်၊ ဘယ်လိုရောက်အပ်တာလဲ? ချစ်ခင်လေးမြတ်စွာ ရောက်အပ်တယ်၊

ကုသိုလ်မှန်သမျှကို စိတ်ဝင်စားထိုက်တယ်၊ ကုသိုလ်ဟာကောင်းတဲ့အကျိုးမှန်သမျှကို ပေးမှာ ဖြစ်တာကြောင့် ကောင်းမှုကုသိုလ်တရားကို စိတ်ဝင် စားစွာ ပြုလုပ်ထိုက်တယ်။

http://www.dhammadownload.com



ချစ်ခင်လေးစားစွာ၊ စိတ်ဝင်စားစွာ ကောန် ပြုလုပ်ထိုက်တာကြောင့် ကုသိုလ်တရားမှန်သမျှ သည် ယောဆိုတဲ့အမည်ကို ရတယ်၊ ဒါကြောင့်

* ချစ်ခင်လေးမြတ်, ရောက်ရှိအပ်၊
သိမှတ်ယောခေါ်သည်။

ကုသိုလ်တရားရယ်လို့ ကြားရင် ဒါဟာ ငါရဲ့ ကိုယ်ပိုင်ပါပဲရယ်လို့ ချစ်ခင်မြတ်နိုး လေးစား စွာနဲ့ရောက်အောင် ကြိုးစားထိုက်တာဖြစ်သော ကြောင့် ဝိဝဋ္ဋနိဿိတသိက္ခာ သုံးရပ်အကျင့်မြတ် လမ်းစဉ်နဲ့ ရလာတဲ့ ကုသိုလ်မှန်သမျှ ယော အမည်ရတယ်။

* ချစ်ခင်လေးမြတ်၊ ရောက်ရှိအပ်၊
သိမှတ်ယောခေါ်သည်။

http://www.dhammadownload.com

# ချစ်ခင်လေးမြတ်စွာ လေးစားစွာ ဖြစ်စေအပ် သိစေအပ်လို့

* ချစ်ခင်လေးမြတ်၊ ဖြစ်စေအပ် သိမှတ်ယောခေါ်သည်။

မိမိရဲ့စိတ်နှလုံးခန္ဓာအစဉ်မှာ ဖြစ်စေပြန်တော့လည်း ပေါ့ပေါ့တန်တန်ဖြစ်စေထိုက်တဲ့တရားတွေမဟုတ်ဘူး၊ ချစ်ချစ်ခင်ခင် လေးလေးစားစား မြတ်နိုးစွာဖြင့် ကောင်းမွန်စွာ ပိုင်ပိုင်နိုင်နိုင် အားထုတ်ထိုက်တာဖြစ်သောကြောင့် သိက္ခာသုံးရပ် အကျင့်မြတ်လမ်းစဉ်နဲ့ သွားရတဲ့ ဝိဝဋ္ဋနိဿိတ ကောင်းမှုမှန်သမျှ ယောဆိုတဲ့အမည်ရတယ်။

* ချစ်ခင်လေးစား၊ သိအပ်ငြား၊ မှတ်သားယောခေါ်သည်။

http://www.dhammadownload.com



ချစ်ခင်လေးစားစွာ အသိအမှတ်ပြုထိုက်တာ ဖြစ်သောကြောင့်လည်း ယောအမည်ရတယ်၊ အဲသလိုဆိုရင် ယောသူယောသားဆိုတာလည်း အများရဲ့ ချစ်ခင်မြတ်နိုးလေးစားလောက်အောင် ရိုးဖြောင့်ရမယ်၊ ကောင်းရမယ်၊ တော်ရမယ်၊ ဒီသဘောကိုလည်း ဖော်ပြပါတယ်။

- **ချစ်ခင်လေးမြတ်၊ ရောက်ရှိအပ်၊ သိမှတ်ယောခေါ်သည်။**
- **ချစ်ခင်လေးမြတ်၊ ဖြစ်စေအပ်၊ သိမှတ်ယောခေါ်သည်။**
- **ချစ်ခင်လေးစား၊ သိအပ်ငြား၊ မှတ်သားယောခေါ်သည်။**
- **ယောသူယောသား၊ ရိုးဖြောင့်ငြား၊ စိတ်ထားဖြူရမည်။**

အဲသလိုဆိုရင် ယောအမည်ရတဲ့ တရားတွေဟာ တကယ်ချစ်ခင်မြတ်နိုးစွာနဲ့ ရအောင်ယူထိုက်တယ်၊ ရောက်ထိုက်တယ်၊ ဖြစ်စေအပ် ဖြစ်စေထိုက်တယ်၊ အသိအမှတ်ပြုထိုက်တယ်၊ ဒါကြောင့် ယောအမည်ရတယ်။

ယောအမည်ရတဲ့ တရား ကိန်းဝပ်ရာဖြစ်တဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်၊ ယောအမည်ရတဲ့တရား စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်ဟာလည်း ယောအမည်ရသွားတယ်။

အဲသလိုဆိုရင် ဇာတိဒေသအားဖြင့်သာ ယောဆိုတဲ့ အမည်ရတာမဟုတ်ဘဲ သာသနာ့ ကျင့်စဉ် ဝိဝဋ္ဋနိဿိတ သိက္ခာသုံးရပ် အကျင့်မြတ် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ဖြည့်ကျင့် ကြိုးစားအားထုတ်သောအားဖြင့် (လုပ်ငန်းသဘော အားဖြင့်)လည်း ယောအမည်ရနေကြတယ်၊ ရအောင်လည်း လုပ်နေကြရတာပဲ။

## ချမ်းသာသုံးတန်ကို အမှန်ရောက်စေ၍ ယောခေါ်သည်

ယာယတိ ဧတေနာတိယော

ဧဝေဓကပြောတဲ့ နိဗ္ဗာန်ရောက်ကြောင်း ဆိုတာ နိဗ္ဗာန်က ပဓာနထားပြီးပြောတာ၊ ချမ်းသာ သုံးပါးရောက်ကြောင်းပေါ့။

http://www.dhammadownload.com



လူချမ်းသာသို့ရောက်ကြောင်း, နတ်ဗြဟ္မာချမ်းသာသို့ရောက်ကြောင်း, နိဗ္ဗာန်သို့ရောက်ကြောင်းကို ချမ်းသာသုံးပါးရောက်ကြောင်းလို့ မှတ်ရပါမယ်။

နတ်နဲ့ဗြဟ္မာပေါင်းလိုက်တော့ နတ်ချမ်းသာလို့ ခေါ်တာပါပဲ၊ သူတို့ (နတ်ချမ်းသာ)ကလည်း အပါယ်နဲ့စာရင် သက်သာခွင့်ရလို့ ချမ်းသာရယ်လို့ ခေါ်လိုက်ရတာပါ၊ ချမ်းသာအစစ်ရယ်လို့တော့ (ရုပ်နာမ်နဲ့ပတ်သက်လာရင်) မရှိပါဘူး။

ချမ်းသာအစစ်ကတော့ နိဗ္ဗာန်ပဲရှိပါတယ်၊ ဒါပေမယ့် အပါယ်လေးပါးနဲ့ စာရင်တော့ သက်သာခွင့်ရတာမို့ လူချမ်းသာနတ်ချမ်းသာလို့ခေါ်တာပါ၊ အစစ်တော့မဟုတ်ဘူး၊ သက်သာလို့ ချမ်းသာခေါ်တာပါ။

အဲဒီချမ်းသာသုံးပါးသို့ ဝိဝဋ္ဋနိဿိတ သိက္ခာသုံးရပ် အကျင့်မြတ်လမ်းစဉ်ဖြင့်၊ ဖြည့်ကျင့်ကြိုးကုတ် အားထုတ်တဲ့တရားသည် ဧကန်ရောက်ကြောင်း ဖြစ်တယ်၊ ဒါကြောင့် ယောအမည်ရတာပေါ့၊ ဒါကြောင့်-

http://www.dhammadownload.com



* **ချမ်းသာသုံးတန်၊ ရောက်ကြောင်းမှန်**
**ကေန်ယောခေါ်သည်။**

သိက္ခာသုံးရပ်အကျင့်မြတ် (သို့မဟုတ်) ဝိဝဋ္ဋနိဿိတကောင်းမှု၊ မဂ္ဂသစ္စာလမ်းကြောင်း အတိုင်းသွားတဲ့ကုသိုလ်တရားသည် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တာကြောင့် ယောအမည်ရတယ်။

## ချမ်းသာသုံးဖြာ ဖြစ်စေလို့ သစ္စာလေးပါးသိစေလို့

* **ချမ်းသာသုံးဖြာ၊ ဖြစ်ကြောင်းမှာ၊**
**မှန်စွာယောခေါ်သည်။**

ချမ်းသာသုံးပါးဖြစ်ကြောင်း ဖြစ်တာကြောင့် ကုသိုလ်ကောင်းမှုကို ယောလို့ခေါ်ရပါတယ်။

* **သစ္စာလေးဆူ၊ သိကြောင်းဟူ၊**
**မှတ်ယူယောခေါ်သည်။**

ဝိဝဋ္ဋနိဿိတ ကောင်းမှုတရားမှန်သမျှ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရကြောင်းဖြစ်တာကြောင့်

http://www.dhammadownload.com



သစ္စာလေးပါးသိကြောင်းတွေတဲ့၊ သစ္စာလေးပါး ထိုးထွင်းသိမှလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်က ရမှာကိုး။

ဒါကြောင့်မို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရစေနိုင်တဲ့ ဝိဝဋ္ဋနိဿိတ ကောင်းမှုမှန်သမျှ သစ္စာလေးပါးကိုထိုးထွင်းသိကြောင်းဖြစ်တာကြောင့်၊ ယော ဆိုတဲ့အမည်ရတယ်။

* ချမ်းသာသုံးတန်၊ ရောက်ကြောင်းမှန်၊ ဧကန်ယောခေါ်သည်။
* ချမ်းသာသုံးဖြာ၊ ဖြစ်ကြောင်းမှာ မှန်စွာယောခေါ်သည်။
* သစ္စာလေးဆူ၊ သိကြောင်းဟူ မှတ်ယူယောခေါ်သည်။
* ယောသူယောသား၊ ရိုးဖြောင့်ငြား၊ စိတ်ထားဖြူရမည်။

ယောအလုပ်ကကို စိတ်ထားဖြူအောင်လုပ်ရတဲ့ အလုပ်ဖြစ်နေလို့ ယောအစစ်ဖြစ်အောင် ကြိုးစားရမှာပါ။

http://www.dhammadownload.com

# နိဗ္ဗာန်လည်း ယောပဲ

ယာယတိဝွေ့ာတိယော

ရောက်ရာ, ဖြစ်ရာ, သိရာလို့ အဓိပ္ပာယ် ရပါတယ်၊ ရောက်ရာဆိုတာ ဘာပြောတာလဲ? နိဗ္ဗာန်ကို ပြောတာ၊ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် ကောင်းမွန်စွာရောက်ရာဖြစ်တာကြောင့်မို့ နိဗ္ဗာန်သည် ယောဆိုတဲ့နာမည်ကို ရတယ်။

* နိဗ္ဗာန်သည်
* သိက္ခာသုံးရပ်အကျင့်မြတ်ဖြင့်
* မဂ္ဂသစ္စာလမ်းကြောင်းဖြင့်
* ကောင်းမှုကျင့်စဉ် လုပ်ငန်းများဖြင့်
* ကောင်းမွန်စွာရောက်ရာတရား ဖြစ်သော ကြောင့်
* ယောအမည်ရတယ်

http://www.dhammadownload.com



* အဲသလိုဆိုရင်
* နိဗ္ဗာန်လည်းယောပဲ၊
* ကောင်းစွာရောက်ရာ၊ နိဗ္ဗာန်မှာ
  မှန်စွာယောခေါ်သည်။

http://www.dhammadownload.com

## ကောင်းစွာဖြစ်ခြင်း ကောင်းစွာတရားသိခြင်းကို ယောခေါ်သည်

* **ကောင်းစွာဖြစ်ရာ၊ မြတ်ချမ်းသာ၊ မှန်စွာယောခေါ်သည်။**

ဖြစ်ရာဆိုတာ နိဗ္ဗာန်ချမ်းသာအပါအဝင် ချမ်းသာအကုန်လုံးပါ။

* **ကောင်းစွာသိရာ၊ တရားမှာ၊ မှန်စွာယောခေါ်သည်။**

တရားအကုန်လုံးဟာ အသိဉာဏ်ရဲ့ တည်ရာတွေချည်းပဲ၊ သိရာကို လွယ်လွယ်ပြောရင် သိစရာပေါ့၊

* **ကေန်သိအောင် လုပ်ရမယ့်**
* **သိစရာတရားတွေ ဖြစ်တာကြောင့်**

http://www.dhammadownload.com



* ဒုက္ခလွတ်ချင်တဲ့ ပုဂ္ဂိုလ်တွေ
* အပူငြိမ်းချင်တဲ့ပုဂ္ဂိုလ်တွေ
* ချမ်းသာသုခအစစ်ကို
* လိုချင်တဲ့ ပုဂ္ဂိုလ်တွေ
* သိအောင်ကေန် အားထုတ်ရတာဖြစ်သော ကြောင့်
* သိစရာဖြစ်နေတာကြောင့်
* ယောဆိုတဲ့နာမည်ကိုရတယ်။
* ကောင်းစွာရောက်ရာ၊ နိဗ္ဗာန်မှာ၊ မှန်စွာယောခေါ်သည်။
* ကောင်းစွာဖြစ်ရာ၊ မြတ်ချမ်းသာ၊ မှန်စွာယောခေါ်သည်။
* ကောင်းစွာသိရာ၊ တရားမှာ၊ မှန်စွာယောခေါ်သည်။
* ယောသူယောသား၊ ရိုးဖြောင့်ကြား၊ စိတ်ထားဖြူရမည်။

http://www.dhammadownload.com

# ယောဆိုသောစကားလုံးသည် နှစ်သက်မြတ်နိုးစရာ

ယောဆိုတဲ့စကားလုံးလေးဟာ အင်မတန် မြတ်နိုးစရာကောင်းတဲ့စကားလုံးလေးပဲ၊ နှစ်သက် မြတ်နိုးစရာကောင်းတဲ့ အဓိပ္ပာယ်ကို ဆောင်နေ သောစကားလုံးလေးပဲ။

နိဗ္ဗာန်ရောက်ကြောင်း, ချမ်းသာရကြောင်း, ချမ်းသာရောက်ကြောင်းဖြစ်တဲ့ တရားအစစ်အမှန် ဖြစ်တာကြောင့်၊ တရားတွေကို ယောလို့နာမည် ပေးရတယ်၊ အဲဒီယောအမည်ရတဲ့ ကုသိုလ်တရား ကိန်းဝပ်ရာ ပိုင်ဆိုင်ရာဖြစ်တဲ့ ပုဂ္ဂိုလ်ကိုလည်း ယောလို့ ခေါ်ရတယ်။

ဒါကြောင့် ဇာတိဒေသအားဖြင့်သာ ယောဆိုတဲ့ နာမည်ရတာမဟုတ်ဘဲ၊ နိဗ္ဗာန်ရောက်

http://www.dhammadownload.com



ကြောင်း ချမ်းသာကြောင်းဖြစ်တဲ့ ကောင်းမှုတရား တွေကို ချစ်ခင်မြတ်နိုးတာကြောင့် (အလုပ်သဘော အားဖြင့်လည်း) ယောဆိုတဲ့အမည်ကို ရနေကြ တယ်၊ ရအောင်လည်း ကြိုးစားနေကြရမှာ။

http://www.dhammadownload.com

# ယောသူယောသား ဇနီးမောင်နှံ

ရွာတစ်ရွာမှာ ယောသားလေးကိုမဲနဲ့ ယောသူလေးမဝဲတို့ ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်၊ အင်မတန် ဆင်းရဲပါတယ်။

သူတို့အလုပ်က ရေခပ်ရောင်းတယ်၊ ထင်းခုတ် ရောင်းတယ်၊ သူများအိမ်မှာ အငှား အလုပ်တွေလုပ်တယ်၊ တစ်နပ်နဲ့တစ်နပ် အလျင်မှီအောင်တောင် မနည်းရုန်းကန်ကြိုးစားရပါတယ်။

ခန္ဓာကတာဝန်ပေးထားတဲ့ ပစ္စည်းဥစ္စာကို လုံလောက်အောင်မရှာနိုင်ကြ၊ သဒ္ဓါတရားက တာဝန်ပေးထားတဲ့ ကောင်းမှုတရားကတော့ အိပ်မက်တောင်မှ မမက်နိုင်၊ သူတို့နဲ့မဆိုင်သလို ဖြစ်နေတယ်။

http://www.dhammadownload.com



နာမည်ကတော့ ယောသားလေးကိုမဲ့ ယောသူလေးမဝဲ၊ နာမည်ပဲရှိတယ်၊ အလုပ်က ယောဘက်ကို မရောက်ပဲဖြစ်နေတယ်။

http://www.dhammadownload.com

# မဲနဲ့ဝဲပေါင်းတော့မွဲ

မွဲရတဲ့ဆင်းရဲရတဲ့အထဲမှာ ငမဲဆိုတဲ့ သူက အရက်ကသောက်လိုက်သေး၊ ဖဲကရိုက်လိုက်သေး၊

အဲသလိုဆိုတော့ နဂိုကမှ မွဲရတဲ့အထဲ ငမဲနဲ့ မဝဲဟာ မဲတာနဲ့ဝဲတာပေါင်းလိုက်တော့ မွဲတာပဲ၊ တစ်ရွာလုံးမှာ အမွဲဆုံးဇနီးမောင်နှံပေါ့၊

တစ်ရွာလုံးမှာ အမွဲဆုံးဖြစ်တာကြောင့် ငမွဲမိသားစုလို့ဆိုနိုင်ပါတယ်၊ အဲဒါကြောင့် ခန္ဓာက တာဝန်ပေးထားတဲ့ ပစ္စည်းဥစ္စာကိုလည်း လုံလောက်အောင် မရှာနိုင်၊ သဒ္ဓါတရားက တာဝန်ပေးထားတဲ့တရားကိုလည်း ရအောင်မရှာနိုင်ရုံမျှမက တရားဆိုတာ သူတို့နဲ့မဆိုင်သလိုပဲ၊ အိပ်မက်တောင် မမက်ဘူး။

http://www.dhammadownload.com



ပစ္စည်းရော တရားပါ မရှာနိုင်ရှာတင်မက ငမဲဆိုတဲ့ ပုဂ္ဂိုလ်က အရက်သောက် ဖဲရိုက်လုပ်လိုက်သေးတော့၊ လူသာမဲ(မည်း)တာမဟုတ်၊ စိတ်ကလည်း တကယ်မဲ(မည်း)တဲ့လူ။

အဲဒါနဲ့ နေ့စဉ်နေ့စဉ် ဇနီးမောင်နှံ နှစ်ယောက် ရန်ဖြစ်လိုက်ရတာ၊ တစ်နေ့ကို ၂ကြိမ် ၃-ကြိမ် ပုံမှန်လိုဖြစ်နေတယ်၊ ချမ်းသာမှု ဘာမှမရှိဘူး၊ ပြေးလွှားရုန်းကန်ပြီး အသက်မွေးကြရတယ်။

ငမဲက အသားမည်း၊ မဝဲက ဝဲသိပ်ပေါ။

http://www.dhammadownload.com

# ဘာဆိုင်တာမှတ်လို့

သူတို့ရဲ့ အိမ်နီးချင်းများက တရားဘက်ကို ဆွဲဆောင်စည်းရုံးတယ်၊ ဘာမှ မရဘူး။

"ဟဲ့ ငမဲတို့မဝဲတို့၊ ဘုရားရှိခိုးကြ ဒါမှ ပိုက်ဆံရှာလို့အဆင် ပြေတယ်"

"အိုဗျာ ပိုက်ဆံရှာတာနဲ့ ဘုရားရှိခိုးတာ ဘာဆိုင်တာမှတ်လို့"

သူတို့ရဲ့ တုံ့ပြန်ချက်ကလေးက အဲသလို လာတယ်။

"ဟဲ့, သရဏဂုံ ဆောက်တည်ကြရတယ်၊ ဒါမှ ခန္ဓာဝန်ထမ်းဆောင်လို့ ကောင်းတယ်၊ ပိုက်ဆံရှာရတာ လွယ်တယ်"

"အိုဗျာ သရဏဂုံနဲ့ ပိုက်ဆံရှာရတာ ဘာဆိုင်တာမှတ်လို့"

http://www.dhammadownload.com



သူတို့ရဲ့ တုံ့ပြန်ချက်က ဒီလိုချည်းလာတယ်။

"လာကွ၊ ငမဲတို့ မဝဲတို့ တရားနာသွားရအောင် အသိပညာပွားမှ ခန္ဓာဝန်ထမ်းဆောင်ရတာကောင်းတယ်၊ ချမ်းသာကြောင်း အလုပ်တွေလုပ်နိုင်တယ်၊ မြှော်ချမနေကြနဲ့"

"အိုဗျာ၊ တရားနာတာနဲ့ ပိုက်ဆံရှာတာဘာဆိုင်တာမှတ်လို့"

သူတို့ရဲ့တုံ့ပြန်ချက်က ဒီအတိုင်း ရှေးနည်းတူပဲ၊ ဘယ်သူမှ ဘယ်လိုစည်းရုံးလို့ မရဘူး၊ အဲဒါနဲ့ တော်တော်ကြာသွားကြတယ်။

http://www.dhammadownload.com

# သူတို့အတွက် သီးသန့်ဟောပေးသလို ဖြစ်နေတဲ့ တရားပွဲလေး

တစ်နေ့ကျတော့ ကျောင်းတစ်ကျောင်း နေရာတစ်နေရာမှာ တရားပွဲတစ်ပွဲရှိတယ်၊ သူတို့ ဇနီးမောင်နှံလည်းတရားပွဲရှိကြောင်း ကြားတာနဲ့ အိမ်နားနီးချင်းများကလည်း ဆွဲဆောင်မှု ကောင်းတာနဲ့ ဘယ်တုန်းကမှ တရားနာမသွားဘူးတဲ့ ငမဲနဲ့ မဝဲ တရားနာပါသွားတယ်။

အဲဒီတရားပွဲမှာ တရားဟောတဲ့ပုဂ္ဂိုလ်ကလည်း ပါဠိပါဌ်သားတွေများများထည့် မဟောပါဘူး၊ တရားနာသူတွေ နားလည်နိုင်လောက်အောင် မြန်မာအသုံးအနှုန်းနဲ့ ရှင်းရှင်းလေး အလုပ်လုပ်လို့ ဖြစ်တဲ့လုပ်ငန်းစဉ်လေးတွေကို သေသေချာချာ ပြောပြနေတယ်။

http://www.dhammadownload.com



ငမဲတို့မဝဲတို့အတွက် သီးသန့်ဟောပေးနေသလို ဖြစ်နေတယ်၊ မြန်မာလို ရှင်းရှင်းလေး ချက်ချင်း အလုပ်လုပ်လို့ ဖြစ်နိုင်လောက်တာတွေကို သေသေချာချာ ပြောပြနေတယ်။

"ဟော့… ဆင်းရဲတယ်၊ ဆင်းရဲတယ်ဆိုတာ ဒီအတိုင်း ငုံ့ခံမနေရဘူးကွ၊ ကိုယ့်ဟာကိုယ် မယုံဘူးလား၊ ကိုယ့်ဟာကိုယ် ယုံတယ်ဆိုရင် လုပ်လို့ ဖြစ်တဲ့နေရာကစပြီး လုပ်ရတယ်ကွ" ဆိုပြီးတရားဟောတဲ့ ပုဂ္ဂိုလ်က စိတ်ပါဝင်စားလာအောင် အလုပ်လုပ်ချင်လာအောင် စိတ်တွေအားတက်လာအောင် စနစ်တကျ သေသေချာချာ ပြောပြ, ဟောပြနေသတဲ့။

အဲဒါနဲ့ တရား စနာတယ်ဆိုရင် ပြောပုံဆိုပုံတွေကို ငမဲနဲ့ မဝဲက တော်တော်လေး စိတ်ဝင်စားလာတယ်၊ "ဘာတွေများ ပြောမှာပါလိမ့်၊ နားထောင်ဦးမှပဲပေါ့" ဆိုပြီး ဆက်နားထောင်တယ်။

http://www.dhammadownload.com

# ပြန်မသွားဘဲဆက်နားထောင်တယ်

စောစောတုန်းက ခဏနာပြီး ပြန်သွားမလို့ပါပဲ၊ အခုတော့ ပြန်မသွားဘူး၊ ဆက်ပြီးနားထောင်ဦးမယ် ဖြစ်လာတယ်။

တရားဟောတဲ့ ပုဂ္ဂိုလ်က နေ့စဉ်နေ့စဉ်အလုပ်လုပ်လို့ဖြစ်တဲ့ လုပ်ငန်းစဉ် (၅)ချက်ကို ရှင်းရှင်းလေးပြောပြနေတယ်။

(၁) ဒါန

(၂) သရဏဂုံ

(၃) ငါးပါးသီလ

(၄) မေတ္တာတရား

(၅) အနိစ္စနုပဿနာခေါ်တဲ့ ပြောင်းလဲပုံလေးတွေကို ဉာဏ်မှန်ဘီလူးတပ်ပြီး ကြည့်နေပုံလေးရယ် ဆိုတဲ့လုပ်ငန်းစဉ်လွယ်လွယ်လေး၊ အချိန်

http://www.dhammadownload.com



လည်း သီးခြားမပေးရ၊ ပိုက်ဆံလည်း မပေးရ၊ သွားရင်းလာရင်း၊ နေရင်းထိုင်ရင်း၊ လုပ်ရင်းကိုင်ရင်း၊ ကိုယ့်ဘက်က သဒ္ဓါတရား အရင်းအနှီး စိုက်လိုက်ရင် နေ့စဉ်ပုံမှန်လုပ်ကိုင်နိုင်တဲ့ လုပ်ငန်းစဉ် (၅)ချက်ကို ရှင်းရှင်းလေးပြောပြတယ်။

http://www.dhammadownload.com

# ဒါန၏သဘောသဘာဝ

## (၁) ဒါန

ဒါနဆိုတာ နေ့စဉ်မဏ္ဍပ်ကြီးထိုးပြီး လှူနိုင်မှ ဒါန ခေါ်တာမဟုတ်ဖူး၊ ကိုယ့်ပစ္စည်း သူများ လက်ထဲ ပေးလိုက်တယ်ဆိုရင် (သဒ္ဓါ, ပညာ, မေတ္တာနဲ့ ပေးလိုက်မယ်ဆိုရင်)၊ မိသားစုအချင်းချင်း ပေးတာကအစဒါနတွေပဲ၊ ကိုယ့်မိသားစု အချင်းချင်းတောင်ပေးတတ်ရင်ဒါနဖြစ်တဲ့အကြောင်း၊ ကိုယ့်လက်ထဲကပစ္စည်းဟာ နေ့စဉ်နေ့စဉ်လွှတ်နေတဲ့ အတူတူ၊ အဲဒါကို ဒါနဖြစ်အောင် ပေးရတဲ့ အကြောင်း သေသေချာချာပြောပြတယ်။

ကိုယ့်အိမ်က ရုပ်ပွားဆင်းတုကို ရေကပ်တယ်၊ ပန်းကပ်တယ်၊ စားသောက်စရာတွေကို

http://www.dhammadownload.com



ဦးဦးဖျားဖျားကပ်တယ်၊ ရေဆိုတာ မြင်းသဲချောင်းထဲမှာရှိနေတာပဲ၊ ဒီတော့ လှူဖို့လွယ်တယ်ဆိုတဲ့အကြောင်း၊

ဒါနဟာလုပ်လို့ အင်မတန်လွယ်တဲ့အကြောင်း, ဒါနအကျိုးဟာလည်း အင်မတန်ကြီးတဲ့အကြောင်း အစရှိသည်ဖြင့် သေသေချာချာဟောပြတယ်။

ဟောပြတော့၊ ငမဲတို့ မဝဲတို့က–

"သြော် ပစ္စည်းပေါမှ ပိုက်ဆံပေါမှ ဒါနလုပ်ရတယ်မှတ်နေတာကိုး၊ လက်စသပ်တော့ ဒါနလုပ်ဖို့လွယ်သားပဲ၊ ဟုတ်တယ်၊ မြစ်ထဲချောင်းထဲရေသွားခပ်ရင် ရှိသားပဲ၊ ဘုရားရေလှူတာဘာခက်တာမှတ်လို့၊ သူများတွေကို ရေအလှူပေးတာလဲ ဘာခက်တာမှတ်လို့" စသည်ဖြင့် အမြင်မှန်လေးတွေပေါ်လာတယ်၊ သူတို့နှစ်ယောက်လုံး ဒီအတိုင်း အမြင်ချင်းတူနေကြတယ်။

ဒါနသဘောဆိုတာက–

* မိမိဥစ္စာ၊ သူ့ဟာဖြစ်လို၊ မေတ္တာပို၍၊ ကြည်ညိုလေးစား၊ ပေးစွန့်ငြား၊ ထူးခြားမြတ်ဒါန။

http://www.dhammadownload.com



ဒါနဆိုသည်မှာ ကိုယ့်ပစ္စည်းကို သူများပစ္စည်းဖြစ်အောင် လုပ်လိုက်ရတာ၊ ကိလေသာပိတ်ဖုံးနေတဲ့ ပုထုဇဉ်အများရဲ့ စိတ်ထားဆိုတာက သူများပစ္စည်းကိုသာ ကိုယ့်ဟာလုပ်ချင်တာ။

ဒါနက အဲသလိုမဟုတ်ဘူး၊ ကိုယ့်ပစ္စည်းကိုသာ သူများဟာဖြစ်သွားစေချင်တာ။

ဘာကြောင့်လဲ?၊ မေတ္တာကြောင့်၊ ဒါနဖြစ်ချင်ရင် မေတ္တာထားမှ ဒါနဖြစ်မှာ၊ အိမ်ထဲမှာရှိတဲ့ မိသားစုအချင်းချင်းပေးတာလည်း မေတ္တာထားမှ သဒ္ဓါတရားစစ်စစ်နဲ့ပေးမှ ဒါနဖြစ်မှာ၊ အမှတ်တမဲ့ ဝတ္ထုရားရှိလို့သာပေးခြင်းသည် ဒါနမဖြစ်ဖူး၊ ဒါကြောင့်–

* မိမိဥစ္စာ၊ သူ့ဟာဖြစ်လို၊ မေတ္တာပို၍၊ ကြည်ညိုလေးစား၊ ယေးစွန့်ဌား၊ ထူးခြားမြတ်ဒါန။

http://www.dhammadownload.com

# ကိုယ့်ပစ္စည်းကို ရဲရဲရင့်ရင့် စွန့်လွှတ်ပေးလှူတာဒါန

* ပေးလှူစရာ၊ ကိုယ့်ဥစ္စာဝယ်၊ တွယ်တာ ငြိကပ်၊ ကင်းအောင်ဖြတ်လျက်၊ ရှင်းအောင် ဖျက်၊ မြင့်တက်မြတ်ဒါန။

အလှူခံပုဂ္ဂိုလ်ရဲ့ သီလစတဲ့ ဂုဏ်တွေကို ကြည်ညိုတယ်၊ လေးစားတယ်၊ မျိုးစေ့ကို စိုက်ပျိုးရာဖြစ်တဲ့ လယ်ယာမြေကောင်းသဖွယ် စနစ်တကျ မြင်ပြီး၊ ကြည်ညိုလေးစားစွာဖြင့် ကိုယ့်ပစ္စည်းကို ရဲရဲရင့်ရင့် စွန့်လွှတ်ပေးတာဟာ ဒါနခေါ်တယ်လို့ တရားဟောတဲ့ ပုဂ္ဂိုလ်က သေသေချာချာ ဟောပြတော့ ကိုမဲတို့ မဝဲတို့ အင်မတန် စိတ်ဝင်စားစွာ နာကြားလို့နေကြတယ်။

* ပေးလှူစရာ၊ ကိုယ့်ဥစ္စာဝယ်၊ တွယ်တာ ငြိကပ်၊ ကင်းအောင်ဖြတ်လျက်၊ ရှင်းအောင် ဖျက်၊ မြင့်တက်မြတ်ဒါန။

http://www.dhammadownload.com

# ဒါနလုပ်ချင်ရင်, အဖော်နဲ့ တိုင်ပင်ရတယ်

ဒါနတစ်ခုလုပ်တာ (တကယ်တော့) မလွယ်ပါဘူး၊ လုပ်နေကျပုဂ္ဂိုလ်တွေ လွယ်ကူငြားသော်လည်း၊ လုပ်နေကျမဟုတ်ရင် အင်မတန်ခက်တယ်။

ဘာဖြစ်လို့ခက်တာလဲ၊ ကန့်ကွက်မယ့်တရားက ရှိနေလို့။

မိမိတို့အိမ်အတွင်းမှာ အလှူတစ်ခု လုပ်ချင်တယ်ဆိုရင် ဇနီးခင်ပွန်းရှိရင် ဇနီးခင်ပွန်းတိုင်ပင်ရတယ်၊ သားအမိသားအဖရှိရင် သားအမိ သားအဖ

http://www.dhammadownload.com



တိုင်ပင်ရတယ်၊ ညီအစ်ကိုမောင်နှမရှိရင် ညီအစ်ကိုမောင်နှမချင်း တိုင်ပင်ရတယ်။

ဒါမျိုးလိုပဲ--- စိတ်ကလည်း ဒါနတစ်ခု လုပ်ချင်တော့ အဖော်နဲ့တိုင်ပင်ရတယ်၊ တစ်သံသရာလုံး ပါလာတဲ့အဖော်က တဏှာတဲ့၊ ဒါကြောင့် စိတ်က တဏှာလောဘနဲ့ တိုင်ပင်ပါတယ်။

"ကိုလောဘ ကိုတဏှာခင်ဗျား၊ ကျုပ်ဟောဒီပစ္စည်းကို ပေးချင်လို့ပါ ခင်ဗျာ၊ သဘောထား ခံယူချက်ကို ပြောပြပါ၊ ဘယ်လိုလဲခင်ဗျား သဘောတူရဲ့လား" ဆိုတော့ လောဘက-

"ဟာ မပေးနဲ့၊ မပေးနဲ့၊ ဆုပ်ကိုင်ထား၊ ဆုပ်ကိုင်ထား၊ အဲသလိုဆိုတော့ သဒ္ဓါတရားက-

"မဖြစ်ဖူးကွယ်၊ ပေးမှဖြစ်မှာပေါ့၊ ဒါမှ မေတ္တာသရုပ်လည်း ပေါ်မယ်၊ အနှစ်လည်းပေါ်မယ်၊ မပေးဘဲထားလို့ရှိရင် သူ့ဟာသူ အရည်ပျော် ပျောက်ကွယ်သွားပြီး အနှစ်ဘာမှရမှာမဟုတ်ဖူး၊ ငါပေးမယ်" ဆိုတော့ တဏှာလောဘက သူပြောလို့မရဘူးဆိုတော့ မစ္ဆေရထံ အကူအညီတောင်းတယ်။

"ကိုမစ္ဆေရ၊ လာစမ်းပါဦး၊ ဒီမှာပေးတော့

http://www.dhammadownload.com



မလို့တဲ့”ဆိုတော့ မဇ္ဈေရက ချက်ချင်းပြေးလာတယ်။

“မပေးနဲ့၊ မပေးနဲ့ လှို့ဝှက်ထား၊ လှို့ဝှက်ထား၊ ဘယ်သူမှ မသိစေနဲ့”ဆိုတော့ သဒ္ဒါတရားက–

“အောင်မယ်၊ တဏှာလောဘ၊ မင်းသာ အဖော်ရှိတာမှတ်လို့၊ ငါလဲအဖော်ရှိပါတယ်၊ ဟော့ ဝီရိယ လာကွာ၊ ဟော့– သတိ ဘယ်ရောက်နေတုန်း ဟော့– သမာဓိလာစမ်းကွယ်၊ ဟော့– ပညာ ဘယ်ရောက်နေတုန်း”

ဆိုပြီး သဒ္ဒါတရားက သူ့အဖော်တွေ ချက်ချင်းခေါ်၊ လောဘနဲ့ မဇ္ဈေရကို ဝိုင်းတိုက်ထုတ်ပစ်လိုက်တာ၊ တစ်ခါတည်း ထွက်ပြေးတော့တာပဲ။

လောဘ၊ မဇ္ဈေရနှစ်ပါး ထွက်ပြေးပြီဆိုကတည်းက၊ ဒါနဟာ အောင်အောင်မြင်မြင် ဖြစ်သွားတယ်၊ ဒါကြောင့် အမြဲတမ်းကန့်ကွက်တားမြစ်နေတဲ့တရားကို တိုက်ခိုက်စရာလေး ရှိနေလို့ ဒါနဟာ တကယ်တော့ လှူတိုင်းလုပ်ဖို့ မလွယ်ဘူး ပြောတာ။

http://www.dhammadownload.com



လုပ်နေကျ ပုဂ္ဂိုလ်အတွက် မေတ္တာသဒ္ဒါ အားကောင်းနေတဲ့သူအတွက် ဘာခက်တာမှတ်လို့၊ လွယ်လွယ်လေးပဲ။

http://www.dhammadownload.com

## ဒါနပြုလုပ်ပြီးတော့ ပျော်လိုက်ရတာ

* ဘဝတန်ခိုး၊ ဥစ္စာတိုး၊ ကောင်းကျိုးအနန္တ။

ဒါနဟာ မလုပ်ခင်သာပါ၊ လုပ်ပြီးပြန်တော့လည်း ပျော်လိုက်ရတာ၊ ဘာဖြစ်လို့လဲဆိုတော့ သူက အာမခံထားတာကိုး။

သုဂတိဘုံဘဝကို ရဖို့လည်း သူက အာမခံထားတယ်၊ တန်ခိုးကျက်သရေ အမျိုးမျိုးကို ရဖို့လည်း သူကအာမခံထားတယ်၊ စီးပွားရေး အလုပ်အဆင်ပြေအောင်လည်း သူက အကုန်တာဝန်ယူထားတယ်။

နောက်ဘဝမှာတောင် မဟုတ်ဘူး၊ ပစ္စုပ္ပန်ဘဝတောင်မှ ဥစ္စာတွေတိုးလာအောင်၊ အလုပ်တွေအဆင်ပြေလာအောင် သူ (ဒါန)ကကောင်းကျိုးပြုသွားတာပါ။

http://www.dhammadownload.com



သိက္ခာသုံးရပ် အကျင့်မြတ်လမ်းစဉ်နဲ့ သူ (ဒါန)က, ကံထိန်းတဲ့ ခလုတ် အသိဉာဏ်ဦးဆောင်ပြီး သွားပြန်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အထိ တိုင်းတာကန့်သတ်လို့ မရနိုင်အောင် ကောင်းကျိုးအနန္တကို ရရှိစေ၊ ဖြစ်စေနိုင်တာဖြစ်သောကြောင့် ဒါန တစ်ခုပြီးသွားတော့ ပျော်လိုက်ရတာ။

* ဘဝတန်ခိုး၊ ဥစ္စာတိုး၊ ကောင်းကျိုးအနန္တ၊

http://www.dhammadownload.com

# ကြံကြံဖန်ဖန်ရှာရင် လှူစရာရှိလာတယ်

* လှူစရာရှိ၊ အကျိုးသိ၊ ယုံဘိမြတ်ဒါန၊

လှူစရာ,ပေးစရာကလည်း ကြံကြံဖန်ဖန် ရှာလိုက်တဲ့အခါ ရှိလာတယ်၊ အကျိုးကိုလည်း တကယ်ဉာဏ်နဲ့ သိလာတယ်၊ စွမ်းအားရလဒ်ကို လည်း တကယ်သဒ္ဓါတရားစစ်စစ်နဲ့ ယုံလာတယ် ဆိုရင် ဒါနတစ်ခု အောင်အောင်မြင်မြင်ဖြစ်သွား တယ်။

အဲဒီသဘောကို တရားဟောတဲ့ ပုဂ္ဂိုလ်က သေသေချာချာ ရှင်းရှင်းလေး ဟောပြလေတော့၊ ယောသားလေးကို မဲနဲ့ ယောသူလေးမဝဲ အင်မတန် သဘောကျနေတယ်ဆိုပဲ၊

http://www.dhammadownload.com



* မိမိဥစ္စာ၊ သူ့ဟာဖြစ်လို၊ မေတ္တာပို၍၊
ကြည်ညိုလေးစား၊ ပေးစွန့်ငြား၊
ထူးခြားမြတ်ဒါန။
* ပေးလှူစရာ၊ ကိုယ့်ဥစ္စာဝယ်၊
တွယ်တာငြိကပ်၊ ကင်းအောင်ဖြတ်လျှက်
ရှင်းအောင်ဖျက်၊ မြင့်တက်မြတ်ဒါန။
* ဘဝတန်ခိုး၊ ဥစ္စာတိုး၊ ကောင်းကျိုးအနန္တ။
* လှူစရာရှိ၊ အကျိုးသိ၊ ယုံဘိမြတ်ဒါန။

ဒါကြောင့် ဒါနဟာ လုပ်ဖို့မခက်တဲ့အကြောင်း တရားဟောတဲ့ပုဂ္ဂိုလ်က သေသေချာချာ ဟောပြတော့ ကိုမဲတို့ မဝဲတို့က "ဒီလောက်လွယ်တဲ့အလုပ် ငါတို့လုပ်ကိုလုပ်မယ်" လို့ ဆုံးဖြတ်လိုက်ပါတယ်။

http://www.dhammadownload.com

# တရားနာရခြင်းအကျိုး

တရားနာတယ်ဆိုတာ မသိသေးတာလည်း သိရတယ်၊ သိပြီးသားလည်း ရှင်းပြီးတော့ စိတ်တွေ တက်ကြွသွားစေတယ်၊ ဒါဟာ တရားနာရခြင်း အကျိုးပဲ။

* **တရားမနာ၊ ကောင်းမှုမှာ၊ ဝေးကွာတတ် လေသည်။**
* **တရားနာမှ၊ မြတ်ပုည၊ တက်ကြွဝမ်းသာပျှနိုင်သည်။**

လမ်းညွှန်ပေးတဲ့ လမ်းညွှန်စကားကို မသိရ သေးရင် လုံးဝရင်လည်း မသိသေးဘဲ ဖြစ်နေ တတ်တယ်၊ နားလည်ပြီးသားဖြစ်ပေမယ့် မေ့နေ တတ်တယ်။

လမ်းညွှန်ပေးတဲ့ ပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ပေးတဲ့ စကား၊ သတိပေးတဲ့စကား၊ အဲဒီစကားကို နာကြား

http://www.dhammadownload.com



ခွင့်ရပြီဆိုရင်တော့ အမှန်အတိုင်း တက်တက်ကြွ ကြွနဲ့ အလုပ်ကို လုပ်နိုင်တယ်။

ဒါကြောင့် ကိုမဲနဲ့ မဝဲတို့လည်း တရားနာ ရတာ အကျိုးရှိနေတယ်။

http://www.dhammadownload.com

# သရဏဂုံသုံးပါးသည်
# အန္တရာယ်ကာကွယ်သော တောင်ကြီး

သရဏဂုံလည်း လွယ်တဲ့အကြောင်း ဆက်ပြောပါတယ်၊ သရဏဂုံသုံးပါးဆိုတာ အန္တရာယ်ကာကွယ်တဲ့တောင်ကြီးသုံးလုံးပဲ၊ ကိုယ့်ဘက် သဒ္ဓါတရားနဲ့ ပညာတရား အရင်းအနှီး စိုက်ရမှာ၊ ပိုက်ဆံပေါဖို့လည်း မလိုဘူး၊ အားဖို့လည်း မလိုဘူးတဲ့။

သရဏဂုံသုံးပါးကို ဆောက်တည်လိုက်တဲ့အခါမှာ မိမိရဲ့စိတ်အစဉ် ခန္ဓာအစဉ်ကြီးဟာ ရတနာသုံးပါး ကိန်းနေတဲ့ စေတီကြီးလို ဖြစ်သွားတာဆိုပြီးတော့ တရားဟောတဲ့ ပုဂ္ဂိုလ်က အားတက်လာအောင်လုပ်ချင်လာအောင် သေသေချာချာ စိတ်ဝင်စားလာအောင် ဟောပြ, ပြောပြတယ်။

http://www.dhammadownload.com



သဒ္ဓါတရား၊ ပညာတရားနဲ့ စိတ်ပါဝင်စားစွာ သရဏဂုံဆောက်တည်ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်ဟာ ရတနာသုံးပါး ကိန်းဝပ်နေတဲ့အတွက် မိမိရဲ့ ခန္ဓာကိုယ် စိတ်နှလုံး အစဉ်ကြီးဟာ စေတီကြီးလိုပဲ၊ ရတနာသုံးပါး အမြဲတမ်း ကိန်းဝပ်နေတဲ့အတွက် အလွန့်အလွန်မှ ကျက်သရေရှိတယ်။

လောကမှာ ဘုရင့်သားသမီးလိုမျိုးတွေကို တစ်ပါးသောပုဂ္ဂိုလ်များက မထိမဲ့မြင် မလုပ်ရဲကြဘူး၊ အဲဒီအတိုင်းပဲ ရတနာသုံးပါး ကိန်းဝပ်နေတဲ့ ဘုရားရဲ့ သားတွေ၊ ဘုရားရဲ့ သမီးတွေဟာ အဇ္ဈတ္တ၊ဗဟိဒ္ဓ၊ ဘေးရန်အန္တရာယ် သက်ရှိသက်မဲ့ ဘေးရန်အန္တရာယ်တွေက မထိမဲ့မြင် မလုပ်ရဲဘူးလို့ တရားဟောတဲ့ ပုဂ္ဂိုလ်က သေသေချာချာ ရှင်းရှင်းလေးမြန်မာလို ပြောပြနေတော့၊ တရားနာတဲ့ ပရိသတ်ထဲမှ ရှိတဲ့ ကိုမဲနဲ့ မဝဲတို့ အင်မတန် စိတ်ဝင်စားနေကြတာပေါ့။

"ဩော် သရဏဂုံသုံးပါးတဲ့၊ လွယ်သားပဲ၊ သဒ္ဓါပညာအရင်းအနှီး စိုက်ရင် လွယ်လွယ်လေးပါလား"

အဲသလို ရှင်းရှင်းလေးမြင်သွားကြတယ်။

http://www.dhammadownload.com



သရဏဂုံဆိုတာ ပါးစပ်က ဆိုရုံနဲ့ မပြီးတဲ့ အကြောင်း ရတနာသုံးပါးအထိလေးလေးနက်နက် သဒ္ဓါ, ပညာနဲ့ အာရုံပြုဆောက်တည်ရမယ့် အကြောင်း ပြောပြတယ်။

* တရားလုံးစုံ၊ အကုန်သိမြင်၊ ဘုရားရှင်ကို၊ ကြည်လင်လေးမြတ်၊ ရှိသေညွှတ်၊ ဆည်းကပ်ပါ၏ဘုရား။
* ဆင်းရဲကင်းပျောက်၊ ချမ်းသာရောက်အောင်၊ စွမ်းဆောင်တတ်ငြား၊ မြတ်တရားကို၊ လေးစားချစ်ခင်၊ ကြည်လင်လေးမြတ်၊ ရှိသေညွှတ်၊ ဆည်းကပ်ပါ၏ဘုရား။
* ကောင်းစွာကျင့်ငြား၊ ရှစ်ပါးသံဃာ၊ အရိယာကို၊ ကောင်းစွာလေးမြတ်၊ ရှိသေညွှတ်၊ ဆည်းကပ်ပါ၏ဘုရား။

သရဏဂုံသုံးပါးမှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိလို့ ဆိုလိုက်တာနဲ့ သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်အနန္တ စိတ်ထဲမှာ ထင်လာအောင် ဆောက်တည်ဖို့လိုတဲ့အကြောင်း။

ဓမ္မံ သရဏံ ဂစ္ဆာမိ ဆိုလိုက်တာနဲ့ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဆိုတဲ့

http://www.dhammadownload.com



တရားဆယ်ပါး, ဉာဏ်ထဲမှာ ဝင်ဂလာအောင် ဆောက်တည်ရမယ့်အကြောင်း။

ပရိယတ်လို့ဆိုလိုက်ရင် ပဋိပတ်လဲပါသွားတယ်၊ ကျင့်စဉ်တရားကို ပြောလိုက်ရင် အကျင့်လမ်းကြောင်းလည်းပါသွားပြီ။

အဲဒီပရိယတ် ပဋိပတ် အကျင့်ကြောင့် ရလာတဲ့ မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး နိဗ္ဗာန်တရားတွေကို ကိုးကွယ်ရာအနေနဲ့ ဆည်းကပ်ပါတယ်လို့ သဒ္ဓါပညာနဲ့ အဲသလို ဆောက်တည်ရမှာတဲ့။

အဲသလိုဆိုရင် မိမိရဲ့ ခန္ဓာအစဉ် စိတ်အစဉ်ကြီးဟာ ရတနာသုံးပါး ကိန်းဝပ်နေသောစေတီကြီးလို အင်မတန် ခံ့ညားထည်ဝါ ကျက်သရေရှိနေတယ်လို့ ယောသားလေးကိုမဲတို့ ယောသူလေးမဝဲတို့ တရားနာနေတဲ့ တရားနာပရိသတ်အတွက် တရားဟောနေတဲ့ဘုန်းကြီးက သေသေချာချာ ပြောပြနေတာ။

http://www.dhammadownload.com

# ငါးပါးသီလသည်
# လူ့လောက၏စည်းကမ်း

ငါးပါးသီလဆိုသည်မှာ လူ့စည်းကမ်းပေါ့၊ တစ်လောကလုံးရဲ့ စည်းကမ်းပေါ့။

ငါးပါးသီလသည် လူကိုချုပ်ချယ်တာ မဟုတ်ဖူး၊ လူကိုလူနဲ့တူအောင် အလှဆင်ပေးတာ၊ လူကိုလူနဲ့တူအောင် ဘောင်ခတ်ပေးတာ၊ အဆင့်မြင့်သွားအောင် မြှင့်တင်ပေးတာ အစရှိသည်ဖြင့် သဒ္ဒါပညာနဲ့ လေးလေးနက်နက် ဆောက်တည်ရမယ့်အကြောင်း သေသေချာချာပြောပြတယ်။

လူ့လောကကြီးရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ ပညာရေးလို့ခေါ်တဲ့ အထူးလိုအပ်တဲ့ အရေးကိစ္စများကို ဟောဒီစည်းကမ်းသီလဖြင့် ပိုင်ပိုင်နိုင်နိုင် ထိန်းထားသင့်တဲ့

http://www.dhammadownload.com



အကြောင်း၊ ထိန်းထားရတဲ့အကြောင်း စိတ်ဝင်စား အောင်ပြောပြတော့ ကိုမဲတို့ မဝဲတို့က အင်မတန် စိတ်ဝင်စားပြီးတော့-

"အဲသလိုဆိုရင် ငါးပါးသီလကို ဒို့စောင့် ထိန်းတော့မယ်၊ သဒ္ဓါတရားနဲ့ ပညာတရားနဲ့ လေးလေးနက်နက် စောင့်ထိန်းတော့မယ်၊လုံအောင် စောင့်ထိန်းတော့မယ်"လို့ တရားနာရင်းနဲ့ နှစ် ယောက်ဆုံးဖြတ်နေကြတယ်။

http://www.dhammadownload.com

# မေတ္တာလွှမ်းခြုံ နေ့စဉ်ပို့ကြပါကုန်

မေတ္တာတရားမှာလည်း သမထကမ္မဋ္ဌာန်း ၄၀ တို့မှာ မေတ္တာတရားဟာ သမာဓိသိက္ခာပဲ၊ သမာဓိမှာလည်း အလွယ်ဆုံးဖြစ်တဲ့ မေတ္တာကမ္မဋ္ဌာန်းပွားများဖို့ လိုအပ်တဲ့အကြောင်းအတ္တဟိတ ပရဟိတ နှစ်ကိစ္စဟာ တစ်ချက်ထဲဆောင်ရွက်ရင်ပြီးတဲ့အကြောင်း ဟောတဲ့ပုဂ္ဂိုလ်က ရှင်းရှင်းလေး သေသေချာချာ ဟောပေးနေတယ်။

"အထူးအားဖြင့် နေ့စဉ်နေ့စဉ် မေတ္တာပို့ဖို့လိုအပ်တာက မိမိနဲ့ အတူနေတဲ့ ပုဂ္ဂိုလ်တွေကို နေ့စဉ်မေတ္တာပို့ရမယ်၊ မိမိနေအိမ် ပတ်ဝန်းကျင်ရပ်ရွာပတ်ဝန်းကျင်မှာနေတဲ့ နတ်တွေ (မမြင်ရပေမယ့် ရှိနေတယ်လို့ ယုံကြည်ပြီး) ချမ်းသာကြပါစေလို့လေးလေးနက်နက် မေတ္တာပို့ရမယ်။

မိမိရပ်ရွာအတွင်း မြို့အတွင်းမှာ ရှိနေကြတဲ့ အုပ်ချုပ်ရေး တာဝန်ခံ ပုဂ္ဂိုလ်တွေ ကိုယ်စိတ်နှစ်

http://www.dhammadownload.com



ဖြာ ချမ်းသာကြပါစေလို့ နေ့စဉ်နေ့စဉ် မေတ္တာလွှမ်း ခြုံဖို့ လိုအပ်တဲ့အကြောင်း။

မိမိရပ်ရွာအတွင်း မြို့အတွင်းမှာ ရှိနေကြတဲ့ ရဟန်းရှင်လူပြည်သူတွေ အကုန်လုံးလည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဒို့နဲ့အတူနေဘက် ဆွေမျိုးတွေပဲ”

အဲသလိုဆွေမျိုးစိတ်ထားပြီး နေ့စဉ်နေ့စဉ် လွှမ်းခြုံလို့ မေတ္တာပို့သင့်တဲ့အကြောင်း–

သတ္တဝါအကုန်လုံးကိုလည်း လွှမ်းခြုံပြီးတော့ တစ်သံသရာလုံးက တော်စပ်လာခဲ့တဲ့ ဆွေဟောင်းမျိုးဟောင်းတွေချည်းပဲလို့ ဆွေမျိုးအနေနဲ့ အကုန်လုံး မေတ္တာပို့သင့်တဲ့အကြောင်း။

ဤငါးမျိုးဟာ ပုံမှန်နေ့စဉ် မေတ္တာပို့သင့်တဲ့ အကြောင်းကို တရားဟော ပုဂ္ဂိုလ်က လွယ်လွယ်လေးနဲ့ပွားနိုင်အောင်ပွားတတ်အောင် ပြောပြတယ်။

http://www.dhammadownload.com

# လှိုက်လှဲစွာ မေတ္တာပို့ကြပါကုန်

သတိနဲ့ အာရုံကို ပထမပုံဖော်သင့်တဲ့ အကြောင်း ပုံပေါ်လာတဲ့အခါ ဆက်ပြီးတော့ပညာနဲ့ အသိတရားနဲ့ ပြုံးရွှင်တဲ့ အမူအရာတွေ ပုံပေါ်လာအောင် ဖော်သင့်တဲ့အကြောင်း၊

ဆွေမျိုးစိတ်ထား, ကောင်းကွက်ကို တွေ့အောင်ရှာ၍ လှိုက်လှိုက်လှဲလှဲချမ်းသာကြပါစေလို့ မေတ္တာပို့သင့်တဲ့အကြောင်း။

သမာဓိသိက္ခာဖြစ်တာကြောင့် မေတ္တာခံ အာရုံအပေါ်မှာစိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး (ခုနတုန်းက သမာဓိသိက္ခာ အတိုင်းပေါ့)၊ သတိနဲ့ ပုံဖော်၊ သမာဓိနဲ့ရှုးစိုက်၊ အဲဒါပြီးမှ ဝီရိယနဲ့တွန်းဖို့ သမာဓိသိက္ခာ ဖြည့်ကျင့်ပုံလေးကအစ တရားဟော ပုဂ္ဂိုလ်ကဟောပြတယ်။

http://www.dhammadownload.com



ပိုက်ဆံတစ်ပြားမှ မလိုပါဘူး၊ အားဖို့လည်း မလိုပါဘူး၊ လုပ်လို့ဖြစ်တဲ့အကြောင်း ဟောပြတော့ ကိုမဲတို့ မဝဲတို့ကသိပ်စိတ်ဝင်စားကြတယ်၊ မေတ္တာတရား အကျိုးကြီးမားပုံပြောပြတော့ အင်မတန် စိတ်ဝင်စားကြတာ၊

"ဟာ ပိုက်ဆံမကုန်ပဲရတာပဲ၊ အချိန် မကုန်ပဲနဲ့လည်း ရသားပဲ၊ ဒီလောက်အဖိုးတန်တဲ့ တရား ဒို့ကျင့်မှာပေါ့"

ဒီလိုဖြစ်သွားကြတယ်၊ တစ်ခါမှ တရား မနာဖူးတဲ့ ကိုမဲနဲ့ မဝဲတို့ တရားပွဲလာတာတော် တော်ဟန်ကျသွားတယ်။

http://www.dhammadownload.com

# အဆက်မပြတ်ပြောင်းလဲနေပုံလေးတွေ

ပဌမက အဆင့်တော့မြင့်တယ်၊ အနိစ္စာနုပဿနာတဲ့၊ ဒါပေမယ့် ဟောတဲ့ ပုဂ္ဂိုလ်က အဆင့်မြင့်စကားလုံးကြီးတွေ မပြောပါဘူး။

"ပြောင်းလဲနေပုံလေးတွေ ကြည့်နေစမ်းပါ၊ မိမိသွားတာလာတာ၊ နေတာထိုင်တာ၊ လုပ်တာကိုင်တာ၊ စားတာသောက်တာ ကိစ္စခပ်သိမ်း အိမ်ထဲမှာ ကိုယ့်အလုပ် ကိုယ်လုပ်ရင်း လမ်းသွားရင်းနဲ့တောင်မှ သိတတ်တဲ့ ဥစ္စာလေးတွေ သိစရာအာရုံလေးတွေ အဆက်မပြတ် ပြောင်းပြီးတော့ နေကြပုံလေးတွေကို ကြည့်စမ်း။

ရုပ်နာမ်တရားတွေဆိုတာ အကြောင်းရှိလို့ ဖြစ်နေကြတယ်၊ အချိန်စေ့တော့ ပျက်နေကြတယ်၊ ပြောင်းနေကြတယ်၊ ပျက်တိုင်း၊ ပျက်တိုင်း နှိပ်စက်လို့နေကြတယ်၊ ဒါသူ့အလုပ်။

http://www.dhammadownload.com



သူ့အလုပ်ကို ကိုယ့်အလုပ်မပါပဲနဲ့ ငေးကြည့် မနေရဘူး၊ မူးလဲသွားတတ်တယ်"တဲ့၊ တရားဟောတဲ့ ပုဂ္ဂိုလ်က ကိုမဲတို့ မဝဲတို့အပါအဝင် ပရိသတ်ကို ဟောနေတာပါ၊

http://www.dhammadownload.com

# သူ့အလုပ်ထဲမှာ ကိုယ့်အလုပ်ထည့်ပေးရမယ်

"သူ့အလုပ်ကို ကိုယ့်အလုပ် မထည့်ပဲနဲ့ ငေးကြည့်နေမယ်ဆိုရင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ, ဥပယာသတွေနဲ့ မူးပြီးတော့ လဲသွားတတ်တယ်၊ ဒါကြောင့်မို့ သူ့အလုပ်ထဲမှာ ကိုယ့် အလုပ်ထည့်ပေးရတယ်" တဲ့။

"သူ့အလုပ်က အကြောင်းရှိရင် ဖြစ်မယ်၊ အချိန်စေ့ရင် ပျက်မယ်၊ ပျက်ရင် နိုပ်စက်မယ်၊ ဒါက သူ့အလုပ် ကိုယ့်အလုပ် မဟုတ်သေးဘူး၊"

ကိုယ့်အလုပ်က အဲဒီထဲမှာသတိ, ပညာ ဝီရိယတွေနဲ့ တွန်းပြီး တရားအမှန်ကို အမှန်အတိုင်း မြင်အောင်ကြည့်ပြီး စွမ်းအားတွေတက်အောင်

http://www.dhammadownload.com



ပွားများ ရှုမှတ်ပေးရမယ်”ဆိုတဲ့ အကြောင်း သေသေချာချာ ပြောပြတော့ ကိုမဲတို့ မဝဲတို့က–

“ဩော် တို့တတွေ လူကြီးသူမတွေ ပြောသံ ကြားဖူးတာကတော့ တတိယအရွယ်မှာ တရား ဘာဝနာလုပ်ရမယ် ကြားဖူးတာကို၊ လက်စသပ် တော့ တရားအလုပ်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့လည်း လုပ်လို့ဖြစ်သားပဲ”လို့အမြင်ရှင်းလာကြတယ်။

http://www.dhammadownload.com

# သိတတ်တဲ့ အရွယ်ကစပြီး တရားအလုပ်လုပ်ရမှာ

လောကမှာ ပြောကြတာပေါ့၊ ပထမအရွယ် ပညာရှာရမယ်၊ ဒုတိယအရွယ် စီးပွားဥစ္စာရှာရမယ်၊ တတိယအရွယ် တရားဘာဝနာ ရှာရမယ်လို့ ပြောတာ။

ပထမအရွယ် ပညာရှာရမယ်၊ မှန်တယ်ပဲ ထားပါ၊ ဒုတိယအရွယ် စီးပွားဥစ္စာ ရှာရမယ်၊ မှန်တယ်ပဲထားပါ၊ တတိယအရွယ်မှာ တရားဘာဝနာ ရှာရမယ်ဆိုတာတော့ ပုံသေမှတ်ထားလို့မရဘူး။

ဘာလို့တုန်းဆိုတော့၊ တတိယအရွယ်ထိ အောင်နေရမယ်လို့ ဘယ်သူက အာမခံထားလို့လဲ ဘယ်သူမှ အာမခံမထားဘူး။

http://www.dhammadownload.com



ပဌမအရွယ်နဲ့လည်း သေနေကြတာပဲ၊ ဒုတိယအရွယ်နဲ့လည်း သေနေကြတာပဲ၊ အဲသလို ဆိုရင် တတိယအရွယ်ထိအောင် နေရမယ်လို့ ဘယ်သူမှ အာမ,မခံနိုင်၊ ပြီးတော့လဲ တတိယ အရွယ်မှ စလုပ်ရတာ လွယ်လည်းမလွယ်တော့ ပါဘူး၊ တကယ်တော့ သိတတ်တဲ့ အရွယ်က တရားအလုပ်ကို လုပ်ရမှာ။

လောကဓံဆိုတာ ပဌမအရွယ်နဲ့လဲ တွေ့ တာပဲ၊ ဒုတိယအရွယ်မှာလဲ တွေ့တာပဲ၊ ဒါတွေ ခံနိုင်ရည်ရှိအောင်၊ စွမ်းအားတက်အောင်ဆိုရင် တရားအလုပ်က တွဲကို တွဲရမှာ၊

ဒီသဘောတွေကို ပြောပြတော့ ကိုမဲတို့ မဝဲတို့က

"ဒါဖြင့်ရင် သိတဲ့အချိန်ကစပြီး ဒို့လုပ်တော့ မယ်" လို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး သွားကြတယ်။

http://www.dhammadownload.com

# တရားနာနောက်ကျလေခြင်း

အဲဒါနဲ့ တရားပွဲပြီးတော့ ဇနီးမောင်နှံနှစ်ယောက်၊ နဂိုတုန်းက တစ်ယောက်နဲ့တစ်ယောက် မှုန်သိုးသိုးနဲ့ ကြည့်နေခဲ့တဲ့မျက်နှာတွေဟာ ပြုံးလာကြတယ်။

"တို့ ဒီနေ့ တရားနာရတာ အဖိုးတန်လိုက်တာဟော့၊ တရားနာနောက်ကျလိုက်တာ" အဲသလို တောင် ဖြစ်လာကြတယ်၊ အဲဒါနဲ့ အိမ်ရောက်တဲ့အခါ လက်တွေ့လုပ်ပါတယ်။

"သိတာကို သိတဲ့အတိုင်း လုပ်တာပဲ ကောင်းတယ်၊ တို့က ယောသားယောသူဆိုတော့ ယောအစစ်ဖြစ်အောင်ဆိုရင်, သိက္ခာသုံးရပ် အကျင့်မြတ်လမ်းစဉ်အတိုင်း ဖြည့်ကျင့်ကြိုးစား အားထုတ်မှ ဖြစ်ပေလိမ့်မယ်"

http://www.dhammadownload.com



အဲသလို ခံယူပြီး ဒါနကိုလည်း လုပ်ပါတယ်။

http://www.dhammadownload.com

# တရားနာပြီးနောက်ပိုင်း အသိဉာဏ်တွေ ပေါ်လာတယ်

သူတို့အလုပ်က ရေရောင်းတယ်၊ ထင်းရောင်းတယ်လေ၊ တရားနာပြီး နောက်ပိုင်းကစပြီး အသိဉာဏ်တွေ ပေါ်လာကြတော့၊ လုပ်နည်းလုပ်ဟန်တွေပြောင်းလဲသွားတယ်။

ရေရောင်းတော့မယ်လို့ ရေသွားခပ်တော့ ပထမဆုံး ရေအခေါက်ကို ရှာဦးက စေတီကို အရင်သွားလှူတယ်၊ ဘုရားကို ရေသပ္ပာယ်တယ်၊ ဘုရားအတွက် သုံးရေသောက်ရေ စသည်ဖြင့် ရည်မှန်းပြီး လှူဒါန်းတယ်၊ ပြီးတော့မှ ရေခပ်ရောင်းတယ်။

ဘုရားမှာ နဂိုက ဘယ်သူမှ သန့်ရှင်းခြင်း မပြုတော့ ပေါင်းမြက်အမှိုက်တွေရှိတယ်၊ အဲဒါကို

http://www.dhammadownload.com



သူတို့က သဒ္ဒါပေါက်လာပြီး၊ ဘုရားဝင်းထဲက အမှိုက်တွေ ပေါင်းပင်တွေကို နေ့စဉ်နည်းနည်းစီ သွားပြီး ရှင်းလင်းသုတ်သင်ကြတယ်၊ သူတို့ကို ကြည့်ပြီး သူများတွေက အံ့ဩနေကြတယ်။

"ဘယ်နှယ့်လဲ၊ ငမဲတို့ မဝဲတို့ ဘာစိတ်တွေများ ပေါက်ကုန်ကြပါလိမ့်" ဒီလိုတောင် ထင်ကြတယ်၊ သူတို့မှာ ကုသိုလ်အလုပ် တော်တော် စိတ်ဝင်စားနေကြတယ်။

http://www.dhammadownload.com

# ဒါနဖြစ်အောင်
# နှလုံးသွင်းတတ်လာတယ်

ရေခပ်ရောင်းရင်း "လမ်းဘေးမှာ ရေအိုးစင်တည်ပြီး အများသောက်နိုင်အောင် ထားရင် ကောင်းမယ်"လို့ တွေးလာတယ်၊ စိတ်ကူးက တစ်စ, တစ်စ, ကောင်းလာကြတာ၊ အဲဒါနဲ့အများ သောက်သုံးနိုင်ကြပါစေလို့ မေတ္တာတရား ထားပြီး တော့ လမ်းဘေးမှာ ရေအိုးစင်တည်တယ်။

"ဒါနကလည်း လုပ်တတ်ရင် လွယ်သားပဲ" လို့ ဇနီးမောင်နှံနှစ်ယောက် ပြုံးပြုံးပြုံးပြုံးနဲ့ ဖြစ်နေကြတယ်၊ ဒါနကလည်း နေ့စဉ် ဘုရားရေကပ်တာကအစပေါ့။

မိသားစုအချင်းချင်း ပေးတော့လည်း သဒ္ဓါ, ပညာ, မေတ္တာတရားနဲ့ ကြည်ကြည်ဖြူဖြူ ဝမ်းသာ

http://www.dhammadownload.com



အားရပြုံးပြုံးရွှင်ရွှင်နဲ့ ဒါနဖြစ်အောင် ပေးတတ်လာတယ်။

သူများအိမ်တွေကိုသွားပြီး ရေရောင်းတဲ့အခါမှာလည်း ဒါနဖြစ်အောင် နှလုံးသွင်းတယ်။

"ကိုယ်က သူတို့အတွက် ချမ်းသာကြပါစေလို့ ရေကိုပေးခဲ့တာ၊ သူတို့က ကိုယ့်ကိုရေဖိုးအနေနဲ့ ပေးတာမဟုတ်ဘဲ၊ ငါတို့ရဲ့ စေတနာအလျောက် သူတို့က သဘောကျပြီး ဆုချတာပါလေ"

လို့ ဒီလိုပဲရှင်းရှင်းလေး ခံယူလိုက်တယ်။

အရောင်းအဝယ်ကို သူမမြင်တော့ဘူး၊ အရောင်းအဝယ်လို့ နှလုံးမသွင်းတော့ဘူး၊ ဒါနဲ့စေတနာကို နှလုံးသွင်းတော့ ရေရောင်းရင် ဒါနဖြစ်လာတယ်။

ဒါမျိုးပေါ့ ဈေးသည်ဆိုတာလည်း ရောင်းတတ်ရင် ကုသိုလ်ဖြစ်တာချည်းပဲ၊ ဒါနတွေတိုးရတာပေါ့။

http://www.dhammadownload.com

# တစ်ဆုပ်ဆန်၊ တစ်ဇွန်းဆန်

နေ့စဉ်နေ့စဉ် ထမင်းချက်ခါနီး၊ ထမင်းချက်ဖို့ ဆန်မဆေးရသေးခင် ဦးဦးဖျားဖျား ဇွန်းကလေးနဲ့ တစ်ဇွန်းခပ်ထားလိုက်တယ်။

"ဒီတစ်ဇွန်းလေးလျော့လိုက်လို့ တို့ ငတ်မသွားဘူး၊ ထူးပြီးတော့ လျော့မသွားဘူး"ဆိုပြီး ဦးဦးဖျားဖျား နှုတ်ထားလိုက်တယ်၊ အသိဉာဏ်စိတ်ကူးလေးတွေ သိပ်ကောင်းလာတယ်၊ ဒါနစိတ် မေတ္တာစိတ်ကလေးတွေ အားကောင်းလာကြတယ်။

မနက်စာ တစ်ဇွန်း၊ ညနေစာတစ်ဇွန်း၊ ဇွန်းကလေးတွေနဲ့ ခပ်ပြီး နှုတ်ထားလိုက်တာ ၁၅ ရက်လောက်ဆို တော်တော်လေး များလာတယ်၊ ၁ လလောက်ဆို အတော်ကို များလာတယ်၊ စုတတ်တော့လည်း လှူစရာတွေက ကြဲကြဲဖန်ဖန်

http://www.dhammadownload.com



ပေါ်လာပုံလေးတွေကို သူတို့ သဘောပေါက်နေကြတယ်။

အဲသလို စသည်ဖြင့် ဆန်တွေ တော်တော်များလာတော့ သိုးခြား အလှူလုပ်တယ်၊ ဆွမ်းချက်လှူတယ်၊ ဒါနတွေတိုးပြီး တော်တော်ကို ပျော်နေကြတယ်။

ဒါကြောင့် ဒါနအလုပ်ဟာလည်း ဖြစ်တဲ့နည်းနဲ့ လုပ်လို့ရတာပဲ၊ လုပ်ပြီးရင် ပျော်ရတာပဲ၊ သူတို့ဇနီးမောင်နှံက မေတ္တာတရား အမြဲထားပြီး ဒါနလုပ်ကြပါတယ်။

http://www.dhammadownload.com

# ရတနာသုံးပါးဘက် စိတ်ညွတ်ရုံနဲ့ လူလိုသူလို အသိအမှတ်ပြု ခံရပြီ

သရဏဂုံကိုလည်း ဒီအတိုင်းပဲ၊ လေးလေးနက်နက် ဆောက်တည်ကြတယ်၊ အိမ်မှာ ကိုးကွယ်စရာ ဘုရားမရှိတော့ ဟိုဘက်က ဘကြီးမိုးတို့အိမ် သွားရတယ်၊ ဘကြီးမိုးတို့အိမ်မှာ ဘုရားပုံပါတဲ့ ပြက္ခဒိန်လေးတစ်ခုရှိတယ်။

"ဘကြီးမိုးရယ်၊ ကျွန်တော်တို့မှာ ဘုရားကိုးကွယ်ရအောင် ရုပ်ပွားဆင်းတုကိုဝယ်ပြီး မပူဇော်နိုင်သေးဘူး၊ ကျွန်တော်တို့က စားဝတ်နေရေး မပြည့်စုံသေးတော့ ရုပ်ပွားဆင်းတုပင့်ပြီး မပူဇော်နိုင်သေးတော့ ဘကြီးမိုးတို့အိမ်က ဘုရားပုံပါတဲ့ ပြက္ခဒိန်ကို ကျွန်တော်တို့ လိုချင်တယ်ဗျ၊ ငါးကျပ်ဆိုလဲ ငါးကျပ်၊ တစ်ဆယ်ဆိုလဲတစ်ဆယ်ပေါ့ဗျာ၊ ချက်ချင်း မပေးနိုင်သေးလဲအကြွေးပေါ့ ဘကြီးရာ"

http://www.dhammadownload.com



အဲသလိုပြောတော့

"မင်းတို့က ကြည်ညိုမှတော့ အလကား ပေးပါတယ်ကွာ၊ ရော့ ယူသွား" ဆိုပြီး ကြည်ဖြူစွာ နဲ့ ပေးလိုက်တယ်။

ရတနာသုံးပါးဘက် စိတ်ညွတ်ရုံရှိသေး၊ ပတ်ဝန်းကျင်က သူတို့ကို လူလိုသူလို အသိအမှတ် ပြုလာ ကြည်ဖြူလာတာပေါ့။

အဲဒါနဲ့ ဘုရားပုံပါတဲ့ ပြက္ခဒိန်ကို မိမိတို့ အိမ်ဦးခန်းမှာ ချိတ်ပြီးတော့ သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော် အနန္တကို အရုံပြုပြီး နေ့စဉ်နေ့စဉ် ရှိခိုးပူဇော်ကြတယ်။

http://www.dhammadownload.com

# နေ့စဉ်နေ့စဉ် ရတနာသုံးပါး ဒါန, သရဏဂုံနဲ့ပျော်လို့

ဗုဒ္ဓသရဏံ ဂစ္ဆာမိဆိုတာလည်း သက်တော်ထင်ရှား မြတ်စွာဘုရားအထိ အာရုံပြုလို့ တရားနဲ့ သံဃာကိုလည်း အဲဒီအတိုင်းပဲ၊ သဒ္ဓါပညာနဲ့ လေးလေးနက်နက် အာရုံပြု ကိုးကွယ်ကြတယ်။

ဘုရားကို နေ့စဉ်နေ့စဉ်ရေကပ်၊ ဆွမ်းကပ် စားဦးစားဖျားကပ်ပြီး ဒါနတွေနဲ့ ပျော်လို့၊ သရဏဂုံတွေလည်း မြဲလို့။

"မနက်အိပ်ရာထပြီဆို ပါးစပ်ထဲ သရဏဂုံသုံးပါးမှ မထည့်ရသေးဘူးဆိုရင် စိတ်နှလုံးထဲမှာ သရဏဂုံသုံးပါးကိုမှ မထည့်သေးဘူးဆိုရင် ဒို့ ဗိုက်ထဲဘာစားစရာမှ မထည့်သေးဘူး"တဲ့ အဲသလို အမြင်တွေ တစ်စ, တစ်စ, ရှင်းလာတယ်။

http://www.dhammadownload.com



"ရတနာသုံးပါးကို ခံတွင်းထဲ စိတ်နှလုံးထဲ မထည့်သေးဘူးဆိုရင် ငါ့ပါးစပ်ထဲ ငါ့ဝမ်းထဲကို ဘာစားစရာမှ မထည့်သေးဘူး၊ ရတနာသုံးပါးစွမ်းအားကို ငါအရင်ဆုံးထည့်မယ်" အဲသလို ခံယူချက်ပြတ်ပြတ်သားသားနဲ့၊ အရင်က ရန်ခဏခဏ ဖြစ်နေတဲ့ ဇနီးမောင်နှံနှစ်ယောက် ရန်ကို မဖြစ်ကြတော့ဘူး။

တစ်ယောက်နဲ့ တစ်ယောက် ရတနာသုံးပါးကို အကြောင်းပြုပြီး ပျော်ပျော်ကြီးစိတ်ပါလက်ပါ ကုသိုလ်ကို ပြုလုပ်ကြတယ်၊ ကုသိုလ်ကို အင်မတန် စိတ်ဝင်စားနေကြတယ်။

http://www.dhammadownload.com

# စားလည်းဒီစိတ်, သွားလည်းဒီစိတ်

သွားတော့လည်း သရဏဂုံ လာတော့လည်း သရဏဂုံ, အိပ်ရာဝင်လည်း သရဏဂုံ, အိပ်ရာထတော့လည်း သရဏဂုံ။

“ပိုက်ဆံလည်းမကုန်၊ ကုသိုလ်လည်း အများ ကြီးရလိုက်တာ” လို့ သူတို့ဇနီးမောင်နှံ အချင်းချင်း ပြောကြရသေးတယ်။

“ပိုက်ဆံလည်းမကုန်၊ အချိန်လည်းထူးပြီး မပေးရ၊ စွမ်းအားတွေလည်း တက်လိုက်တာ၊ ခါတိုင်းနဲ့ နေရတာမတူဘူးနော်၊ စိတ်တွေကို ရှင်းနေတယ်၊ စိတ်ကို သယ်ဆောင်ရတာလည်း အင်မတန်ကောင်းတယ်၊ စီးပွားရေးလာဘ်တွေ လည်း မြင်လာတယ်” သူတို့မှာ အဲဒီလိုဖြစ်လာ

http://www.dhammadownload.com



တယ်၊ သရဏဂုံသုံးပါးကို လေးလေးနက်နက် ဆောက်တည်နေကြပြီ။

http://www.dhammadownload.com

# ငါးပါးသီလ အလှတန်ဆာကို ဆင်နိုင်ကြပြီ

ထို့အတူပဲ ငါးပါးသီလကိုလည်း သူများချပေးလို့ နှုတ်ကလိုက်ဆိုရုံမျှမဟုတ်တော့ပဲ၊ တကယ်ကို လေးလေးနက်နက် သဒ္ဓါ၊ ပညာနဲ့ ကျင့်သုံးနေကြပြီ။

"ငါတို့ကို အလှဆင်ပေးတဲ့ အလှတန်ဆာပဲ၊ ငါတို့သည် ပစ္စည်းဥစ္စာ မွဲနေတဲ့အတွက် စိန်ရွှေ တွေကို မဆင်နိုင်ပါဘူး၊ စိန်ရွှေမဆင်နိုင်ငြားသော်လည်း သဒ္ဓါ၊ ပညာ၊ ကြွယ်လာပြီဆိုတော့ ရတနာသုံးပါးဆိုတဲ့ အဖိုးတန်ရတနာကိုတော့ ဆင်နိုင်ကြပါပြီ၊ ငါးပါးသီလဆိုတဲ့ အလှတန်ဆာကို ဆင်နိုင်ကြပြီ"

http://www.dhammadownload.com



လောကကြည့် ကြည့်ရင်တော့ ပစ္စည်းမဲ့တဲ့ ဖနိုးမောင်နှံလို့ ပြောရမှာဖြစ်သော်လည်း တရားမျက်စိနဲ့ကြည့်တဲ့အခါမှာ အလွန်ကြွယ်ဝနေပြီလို့ ဖနိုးမောင်နှံနှစ်ယောက် အလွန်ဝမ်းသာနေကြသတဲ့။

ငါးပါးသီလကို အကျိုးအပေါက် မခံပဲနဲ့ ဆောက်တည်ကျင့်သုံးနေကြသတဲ့၊ အဲသလိုဆို သီလကို ဖြည့်ကျင့်နေကြလို့ ယောအစစ် ဖြစ်ပြီပေါ့။

http://www.dhammadownload.com

# စိတ်တူကိုယ်တူ မေတ္တာပို့လည်းအတူတူ

မနက်အိပ်ရာထလာပြီဆိုရင် မိမိအိမ်အတွင်းမှာရှိတဲ့ မိသားစုတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ မေတ္တာလေး ဦးတည်လို့ မိမိနေအိမ်ဝန်းကျင်မှာ ရှိနေတဲ့ နတ်အပေါင်းတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ"လို့ မေတ္တာပို့တယ်။

သူများကို ချမ်းသာကြပါစေ မေတ္တာပို့တာ ကိုယ့်ပိုက်ဆံတစ်ပြားမှ မပေးရဘူး၊ ထူးပြီးတော့ ပင်ပန်းသွားတာလည်း မဟုတ်၊ ကုသိုလ်ရလိုက်တာကလည်း အများကြီးဆိုတော့ဇနီးမောင်နှံနှစ်ယောက်ဝမ်းသာလိုက်တာ နှစ်ယောက်သဘောတူ မေတ္တာပို့ကြတာ။

http://www.dhammadownload.com



မိသားစုတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ပတ်ဝန်းကျင်မှာနေတဲ့နတ်တွေလည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဤရွာအတွင်းမှာ အုပ်ချုပ်ရေး တာဝန်ယူနေတဲ့ ပုဂ္ဂိုလ်တွေ မကျန်စေရဘူး။

အုပ်ချုပ်ရေး တာဝန်ခံ ပုဂ္ဂိုလ်ဆိုတော့ မိဘဆိုလည်း ဟုတ်တယ်၊ ဆရာဆိုလည်း ဟုတ်တယ်၊ ကျေးရွာရှင်ဆိုလည်း ဟုတ်တယ်၊ သူတို့တာဝန်ယူထားပေလို့သာ မိမိတို့ လုံလုံခြုံခြုံ အေးအေးမြမြနဲ့ နေရပေတယ်လို့ မိဘအရာထားပြီးတော့ ရပ်ကွက်အတွင်း ရပ်ရွာအတွင်းမှာ အုပ်ချုပ်ရေး တာဝန်ယူနေတဲ့ ပုဂ္ဂိုလ်တွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေလို့ ကိုမဲတို့ မဝဲတို့က လှိုက်လှိုက်လှဲလှဲ မေတ္တာပို့နေကြတယ်။

တို့ရပ်ရွာအတွင်းမှာ နေထိုင်ကြတဲ့ ရဟန်းရှင် လူပြည်သူတွေ အကုန်လုံးလည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ တစ်ရွာထဲ အတူနေတော့ ဆွေမျိုးတွေပေါ့၊ ဆွေမျိုးစိတ်ထားပြီး နေ့စဉ်နေ့စဉ် မေတ္တာပို့တယ်။

သတ္တဝါအကုန်လုံးကိုလည်းခြုံပြီး တစ်သံ

http://www.dhammadownload.com



သရာလုံး တော်စပ်ခဲ့တဲ့ဆွေမျိုးတွေဖြစ်သောကြောင့် "ဆွေမျိုးတွေဖြစ်ခဲ့တဲ့ သတ္တဝါအကုန်လုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေလို့ လေးလေးနက်နက် မေတ္တာပို့တတ်လာတယ်။

## ကောင်းသောတုံ့ပြန်မှုတွေ တွေ့ရတယ်

သူတို့ဇနီးမောင်နှံဟာ မေတ္တာနဲ့ပျော်လို့၊ ပျော်တယ်ဆိုတာ ကိုယ်က မေတ္တာပို့တော့ သူများက အလိုလိုချစ်နေတာ တွေ့ရတယ်၊ဘယ်သွားသွား ဦးစားပေးတာတွေ့ရတယ်။

သူများတွေက ကိုယ့်ကိုကောင်းသော တုံ့ပြန်မှုတွေ တစ်စ, တစ်စတွေ့ရတယ်၊ အလုပ်လုပ်ရတာ တော်တော်လေး အဆင်ပြေလာတယ်၊ ပိုက်ဆံရှာဖွေရတာလည်း အင်မတန် လွယ်လာကြတယ်။

ထင်းရောင်းရတာလည်း ခါတိုင်းနဲ့ မတူ၊ ရေရောင်းရတာလည်း ခါတိုင်းနဲ့မတူ၊ ခါတိုင်း

http://www.dhammadownload.com



ထက်ကို ပိုပြီး ပေးကမ်းကြတာတွေ့ရတယ်။

မေတ္တာတရား အားကောင်းမှု၊ အကျင့်တရားအားကောင်းမှု၊ ရတနာသုံးပါး အရှိန်အဝါစသည်တို့ကြောင့် စီးပွားရေးအလုပ်လုပ်ရတာ အကုန်လုံးအဆင်ပြေလာတယ်။

http://www.dhammadownload.com

# ပါးစပ်က ဝိပဿနာလို့ မပြောတတ်ပေမယ့်

သွားရင်းလာရင်း, နေရင်းထိုင်ရင်း, လုပ်ရင်းကိုင်ရင်းနဲ့ သတိလေးကို ဘယ်အခါမှ လွှတ်မထားပဲ၊ သိတတ်တဲ့ စိတ်ကလေးနဲ့ သိစရာအာရုံလေးတွေ ချပ်ကနဲချပ်ကနဲ နေသွားတာလေးတွေ မြင်အောင်ကြည့်ပြီးတော့ နေတတ်လာတယ်။

ပါးစပ်ကသာ ဝိပဿနာလို့ မပြောတတ်ပေမယ့် လုပ်ငန်းစဉ်လေးတွေက ဝိပဿနာလမ်းစဉ်ဘက် တစ်စ,တစ်စ ရောက်လို့လာတယ်။

သိက္ခာသုံးရပ် အကျင့်မြတ် ပြည့်စုံသွားရင် ယောဖြစ်တာပဲ၊ အဲဒီတော့ ယောသားလေးကိုမဲနဲ့ ယောသူလေး မဝဲတို့ဟာ နေရာဒေသအားဖြင့်သာ ယောအမည်ရတာ မဟုတ်တော့ပဲ (တရား

http://www.dhammadownload.com



လုပ်ငန်းအပေါ်မှာ စိတ်ဝင်စားလာတာဖြစ်သော ကြောင့်) လုပ်ငန်းသဘောအရကို ယောအမည်ရ လာကြတယ်။

အဲဒါနဲ့ တစ်ရက်မဟုတ်ဘူး၊ နေ့စဉ်ပုံမှန် ဖြစ်လာတယ်။

http://www.dhammadownload.com

# စီးပွားရေးရော တရားပါ တွဲရှာတော့ စိတ်ချမ်းသာလိုက်တာ

ရတနာသုံးပါး ဦးထိပ်ထားလို့, မေတ္တာတရား ဦးထိပ်ထားလို့, အကျင့်သီလကို ရိုရိုသေသေ လေးလေးစားစား ကျင့်သုံးလို့, အကျင့်စာရိတ္တကလည်း အင်မတန်ကောင်းဆိုတော့ စီးပွားရေး လုပ်ရတာ ရောင်းရဝယ်ရတာ တစ်စ,တစ်စ ကောင်းလာတယ်။

စီးပွားရေးတွေ ဘယ်လို ထိုးတက်လာမှန်း မသိဘူး၊ စီးပွားရေးကိစ္စမှာ တရားပါ တွဲရှာတာမို့ စိတ်ချမ်းသာလိုက်တာလည်း မပြောနဲ့တော့၊ ပစ္စည်းတစ်မျိုးထဲ ရှာနေရုံမဟုတ်ဘူး။

စီးပွားတက်လာလို့ အောက်ခြေလည်း မလွတ်ဖူး၊ ရတနာသုံးပါး ဦးထိပ်ထားမြဲပဲ၊ လုပ်နေ

http://www.dhammadownload.com



ကျလုပ်ငန်းလုပ်မြဲပဲ။

"သူ (တရား)လည်း စီးပွားရေးလုပ်ငန်း တစ်ခုပဲလေ"လို့ သဘောထားပြီးလုပ်လိုက်တာ စီးပွားတက်လာတယ်၊ အကျင့်သိက္ခာမြင့်လာတယ်၊ ဂုဏ်သတင်း ကောင်းလာတယ်။

နေ့စဉ်ရွာဦးထိပ်က ဘုရားမှာရှိနေတဲ့ ပေါင်းမြက်ရှင်း, ရေသပ္ပါယ်တဲ့အပြင်, နောက်ပိုင်းမှာ ထုံးသကန်း (ဖနီးမောင်နှံသဘောတူ)ကပ်တယ်၊ ရွာဘုရားလည်း တစ်နေ့ထက်တစ်နေ့ သပ္ပါယ်လာပြီး တစ်ရွာလုံး ကြည်ညိုစရာ, ကြည်နူးစရာ ဖြစ်လာတယ်။

ဒီတော့ တစ်ရွာလုံးက ကိုမဲတို့ မဝဲတို့ကို ကြည့်ပြီး အံ့ဩနေကြတာ "ဘယ်လိုစိတ်များ ပေါက်လာကြမှန်း မသိပါဘူး"လို့ ဒီလိုတောင် ဖြစ်လာကြသတဲ့။

အဲဒါကြောင့် ရတနာသုံးပါး ဦးထိပ်ထား၍ မေတ္တာတရား ဦးစီးပြီး သိက္ခာသုံးရပ် အကျင့်မြတ် လမ်းစဉ်လိုက်ပြီး စိတ်ပါလက်ပါဖြည့်ကျင့် နေလိုက်တာ စီးပွားတက်ပြီး အိမ်ကုပ်လေးဟာလည်း တောင့်တင်းခိုင်ခန့်တဲ့အိမ် ဖြစ်လာတယ်၊ နေရ

http://www.dhammadownload.com



ထိုင်ရတာလည်း အကုန်လုံး အဆင်ပြေလာတယ်ပေါ့။

အဲဒါနဲ့ တစ်စ, တစ်စ ကုသိုလ်ရော တရားရော စီးပွားရေးရော ဘက်စုံ တက်သွားလိုက်တာ ရပ်ထဲရွာထဲမှာ ကိုမဲတို့ မဝဲတို့ မပါရင် ဘယ်ကိစ္စမှမပြီးအောင် ဖြစ်လာတယ်၊ အားလုံးက လေးစားလာကြတယ်၊ သူတို့လုပ်နေတဲ့ အလုပ်ကကို အလိုလိုလေးစားစရာ အလုပ်တွေ ဖြစ်နေတာ။

နေ့တိုင်းနေ့တိုင်း ရွာဦးကဘုရားမှာ သွားပြီး ပေါင်းမြက်ရှင်းတာတွေ ရေလှူတာတွေ၊ ထုံးသင်္ကန်းကပ်တာတွေကအစ တစ်ရွာလုံးက သူတို့လင်မယားကို မလေးစားချင်လို့ ရကို မရတော့ဘူး၊ အားလုံးက အသိအမှတ် ပြုလာကြရတယ်။

http://www.dhammadownload.com

# ရတနာသုံးပါး အရှိန်အဝါ လွှမ်းနေလို့

ရတနာသုံးပါးရဲ့ အရှိန်အဝါက သူတို့မှာ လွှမ်းနေတာဆိုတော့ အားလုံးက လေးစားကြပြီ "ကိုကြီးမဲ ကြွပါခင်ဗျာ၊ ကိုလေးမဲ ကြွပါခင်ဗျ"နဲ့။

ဟိုတုန်းကလို "ဟေ့ငမဲ ဟေ့ငမဲ"လို့ ဘယ်သူမှ မခေါ်ရဲကြတော့ဘူး၊ ရတနာသုံးပါး အရှိန်အဝါ ဘယ်လောက်ကြီးလာသလဲ?

စိတ်နှလုံးအစဉ်မှာ သရဏဂုံသုံးပါး ကိန်းနေတော့ ပတ်ဝန်းကျင်က ဘယ်လောက်လေးစားကြသလဲ၊ ဟိုတုန်းက "ဟေ့မဲကြီး ဟေ့မဲကြီး"နဲ့ ခေါ်သလို ဘယ်သူမှ မခေါ်ရဲကြတော့ဘူး၊ ရတနာသုံးပါး အရှိန်အဝါ, မေတ္တာအရှိန်အဝါတွေပေါ့။

http://www.dhammadownload.com

# ယောအစစ်ဖြစ်ရင် လူတိုင်းချစ်ရတာပဲ

အဲသလိုစသည်ဖြင့် ရက်တွေကြာညောင်းလာတဲ့အခါ ရပ်ရွာကိစ္စ ဘယ်ကိစ္စမှာမဆို ကိုမဲတို့ မဝဲတို့ မပါရင် ခြောက်ကပ်ကပ်ဖြစ်လာတယ်၊ နေရာတိုင်း နေရာတိုင်းမှာ သူတို့ပါမှ စိုပြည်သတဲ့၊ လန်းဆန်းသတဲ့၊ ကျက်သရေရှိသတဲ့။

နေရာတိုင်းမှာ သူတို့ကို ဦးစားပေးလာရတယ်၊ ယောသားလေး အစစ်ဖြစ်လာပြီ၊ ယောသူလေးအစစ်ဖြစ်လာပြီ။

ဒေသအားဖြင့်သာ ယောသူယောသားဖြစ်တာ မဟုတ်တော့ပဲ လုပ်ငန်းအားဖြင့်လည်း ရတနာသုံးပါးကို အမှီပြု၍ သိက္ခာသုံးရပ် အကျင့်မြတ်လမ်းစဉ်ဘက်သို့ လိုက်လာတာမို့ ယောအစစ်ဖြစ်ရင် လူတိုင်းချစ်ရတာပဲ၊ မြတ်နိုးရတာပဲ။

http://www.dhammadownload.com



ကုသိုလ်ကလည်း လုပ်လိုက်တာ၊ အောက်ခြေမလွတ်ဖူးလေ။

"တို့တတွေ ရတနာသုံးပါးကြောင့် ကြီးပွားတာနော်၊ ရတနာသုံးပါးကို မေ့လို့မဖြစ်ဖူး"။

ဒါက သူတို့အောက်ခြေ မလွတ်တာလေ၊ ဘယ်နားမှာပဲဖြစ်ဖြစ် ကောင်းမှုရှင်ဆိုင်းဘုတ်တပ်ထားတာကြည့်လိုက်ရင် ဘုရားအုတ်တံတိုင်းမှာလည်း ဦးမဲ၊ဒေါ်ဝဲကောင်းမှု၊ လမ်းဘေး ရေအိုးစင် လေးကြည့်လဲ ဦးမဲ ဒေါ်ဝဲမိသားစု ကောင်းမှု။

လမ်းဘေးမှာ လူတွေ တည်းခိုဖို့ ဇရပ်လေးဆောက်ထားတာသွားကြည့်၊ ဦးမဲဒေါ်ဝဲ မိသားစုကောင်းမှု၊ ဘယ်နားသွားသွား သူများကို ချမ်းသာစေချင်တဲ့ မေတ္တာရှေ့ထားပြီး လုပ်ထားလိုက်တဲ့ ကုသိုလ်ကလည်း သူတို့ဆိုင်းဘုတ်ချည်းဖြစ်နေတယ်။

အဲဒါနဲ့ ကုသိုလ်လည်းတိုး၊ စီးပွားရေးလဲ တိုးဖြစ်နေတယ်။

http://www.dhammadownload.com

# ရတနာသုံးပါး ခေါင်းပေါ်တင်ပြီးမှ လမ်းသွားတာ

တစ်နေ့တော့ ကိုမဲတစ်ယောက်ဟာ "အေးလေ ငါ့မိဘတွေလည်း မတွေ့ရတာကြာပြီ၊ သွားကန်တော့ဦးမှ၊ ဒို့လည်းပဲ အခြေအနေပေးလာပြီဆိုတော့ မိဘထံသွားဦးမှပဲ"လို့ စိတ်ကူးပေါက်လာတော့ ငွေ ၃၀၀၀ ကျပ် လက်မှာကိုင်ပြီးတော့ မိဘကန်တော့ဖို့သွားတယ်။

သွားတော့မယ်ဆိုရင် သူ့ထုံးစံအတိုင်းပေါ့၊ ဘုရားရှိခိုး၊ သရဏဂုံ ဆောက်တည်၊ ရှေးဦးစွာ မိဘများကို ကြိုတင်မေတ္တာပို့၊ လမ်းမှာတွေ့ရမယ့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတွေ အပေါ အဝင် လမ်းခရီးတစ်လျှောက်မှာ တွေ့ရမယ့်

http://www.dhammadownload.com



ပုဂ္ဂိုလ်တွေကို အိမ်ကနေ ကြိုတင်မေတ္တာပို့ အမျှပေး လို့, အဲသလိုသွားတာ။

အိမ်ကထွက်တော့မယ်ဆိုတာနဲ့ သူက အမှတ်တမဲ့ မသွားဘူး၊ ရတနာသုံးပါး ခေါင်းပေါ် တင်သွားတာ၊ စိတ်နှလုံးထဲမှာ ရတနာသုံးပါး ထည့်ပြီးမှ သွားတာ၊ မေတ္တာကို လေးလေးနက်နက် ပို့ပြီးမှသွားတာ။

အဲဒါနဲ့ကိုမဲတစ်ယောက် ငွေ ၃၀၀၀ ယူပြီး သူ့မိဘရှိတဲ့ရွာကိုသွားတော့ တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့မှာ ဓားပြတွေက လမ်းမှာ ချုံခိုချောင်း နေကြတယ်။

http://www.dhammadownload.com

# ရတနာသုံးပါး သီလ, မေတ္တာ အဖော်တွေပါတယ်

သံသရာခရီးမှာ အဝိဇ္ဇာချုံခိုခွင့်ရတဲ့ သမုဒယသစ္စာဓားပြများသည် သီလ, သမာဓိ ပညာ အဖိုးတန်ပစ္စည်းတွေကို လုယူတိုက်ခိုက်တတ်တယ်လို့ ဓောဓောကပြောခဲ့တယ်။

ထို့အတူပဲ ပစ္စည်းဥစ္စာရှိတဲ့ သူများလမ်းခရီးသွားတဲ့အခါ လမ်းသောမှာ ချုံခိုစရာရှိမယ်ဆိုရင် အဲဒီချုံခိုပြီးတော့ လောကပကတိ သူခိုးဓားပြကလည်း ချုံခိုတိုက်ခိုက်တတ်တယ်။

ရတနာသုံးပါးအာရုံ သရဏဂုံသုံးပါး အရှိန်အဝါ မေတ္တာအရှိန်အဝါနဲ့ သွားတဲ့ကိုမဲကိုလည်းပဲ ချုံခိုတိုက်မယ့် ဓားပြက ချောင်းလို့တဲ့။

http://www.dhammadownload.com



ကိုမဲက ဓားပြချောင်းတဲ့နေရာလဲ ရောက်ရော၊ ဓားပြ လေးငါးခြောက်ယောက် ထွက်လာတယ်၊ ဓားကိုယ်စီကိုင်ထားတဲ့ဓားပြတွေက ပါတာအကုန်ပေးဆိုပြီး တိုက်ပါလေရော။

ငမဲကမကြောက်ပါဘူး၊ သူ့မှာ အဖော်ပါတယ်လေ၊ ရတနာသုံးပါး အဖော်ပါတယ်၊ ငါးပါးသီလ အဖော်ပါတယ်၊ နေ့စဉ်နေ့စဉ် သူများအပေါ်မှာလွှမ်းခြုံထားတဲ့ မေတ္တာအဖော်ပါတယ်၊ဒါကြောင့် ရင်းနှီးခင်မင်တဲ့ မိတ်ဆွေနဲ့တွေ့ရသလို ဓားပြတွေကို ပြုံးပြုံးလေးနဲ့ပြောတယ်။

"အစ်ကိုကြီးတို့ခင်ဗျာ၊ ကျွန်တော့်မှာ မိဘကို ကန်တော့ဖို့ ငွေသုံးထောင်ပါပါတယ်ခင်ဗျ၊ အဲဒါတင်မကပါဘူး၊ ကျွန်တော့်မှာ သရဏဂုံသုံးပါးလဲပါပါတယ်၊ ငါးပါးသီလလဲ ပါပါတယ်၊ မေတ္တာလဲပါပါတယ် ခင်ဗျ၊ အခါအားလျော်စွာ နှလုံးသွင်းတဲ့ ဝိပဿနာ, အနိစ္စာနုပဿနာ လေးတောင်ကျွန်တော့်မှာ ပါပါတယ်၊ အဲဒါတွေ အစ်ကိုကြီးတို့ အကုန်ယူကြပါ"လို့ အေးအေးလေး ဣန္ဒြေမပျက်ပြောနေသတဲ့။

http://www.dhammadownload.com

# တရားကပြန်စောင့်ပုံများ

ပြောနေတော့ တရားစောင့်တဲ့ ပုဂ္ဂိုလ်ကို တရားက ပြန်စောင့်တယ်ဆိုပဲ၊ အဲသလို အေးအေး လေးမေတ္တာစိတ်နဲ့ ပြောနေတော့တရားက ပြန်စောင့် လိုက်ပုံများ တစ်ခါတည်း လက်နက်ကိုင်တပ်ဖွဲ့ တွေရောက်လာသလိုလို လူတွေအများကြီး ရောက်လာသလိုလို သူခိုးဓားပြတွေရဲ့ မျက်စိထဲ မြင်လာ ရတယ်။

ကိုမဲက ငွေလှမ်းပေးပါတယ်၊ ယူပါလို့လဲ ပြောတယ်၊ ဒါပေမယ့် ဘယ်လိုမှ ယူလို့မရဘူး၊ လူအုပ်ကြီးတွေ လက်နက်ကိုင်တွေ ရောက်လာ သလို မျက်စိထဲမြင်လာတော့ လန့်ဖျတ်ပြီး ကိုမဲကို ရှိခိုးတောင်းပန်ပြီး ထွက်ပြေးရတယ်။

http://www.dhammadownload.com



ပါးစပ်ကလည်း သည်းခံပါခင်ဗျာ၊ ခွင့်လွှတ်ပါခင်ဗျ ပြောပြီးထွက်ပြေးတာဟာ တကယ်တော့ တရားက စောင့်ရှောက်လိုက်တာ။

အဲသလို အခက်အခဲတွေ တွေ့ရပေမယ့် အခက်အခဲကျော်လွှန်သွားတာမျိုးတွေ၊ စီးပွားရေးရော စိတ်ချမ်းသာမှုပါ တစ်ဟုန်ထိုး တက်လာတာမျိုးတွေကြောင့် ကိုမဲတို့ မဝဲတို့ ဇနီးမောင်နှံဟာ ဤရွာအတွင်းမှာ အလွှန်ကျက်သရေရှိသွားကြတယ်။

နိဗ္ဗာန်ကို ဦးတည်ပြီးတော့ သိက္ခာသုံးရပ်အကျင့်မြတ်လမ်းစဉ်တွေကိုလည်း တစ်စ, တစ်စတိုးပြီး ဖြည့်ကျင့်နေကြတော့ တကယ့်ယောသားယောသူအစစ် ဖြစ်သွားတယ်။

http://www.dhammadownload.com

# ဒါမှလည်း ယောအစစ်ဖြစ်ကြမှာ

အဲသလိုဆိုရင် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတွေလည်းပဲ ယောအစစ်ဖြစ်အောင် သိက္ခာသုံးရပ်ကျင့်မြတ်တွေနှင့်တကွ ကိုမဲတို့ မဝဲတို့ နေ့စဉ်နေ့စဉ်လွယ်လွယ်လေး လုပ်သွားကြတဲ့ လုပ်ငန်းစဉ်တွေကို နေ့စဉ်နေ့စဉ် စီးပွားရေး အလုပ်တစ်ခုလို သဘောထားပြီးတော့ လုပ်ကြရ လိမ့်မယ်၊ ဒါမှလည်း ယောအစစ်ဖြစ်ကြမှာ၊

ယောဆိုသည်မှာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း၊ ချမ်းသာရောက်ကြောင်း တရား ကောင်းအကုန်လုံးဟာလည်း နိဗ္ဗာန်ဦးတည်သွား ရမှာပဲ၊ တရားမှန်သမျှ နိဗ္ဗာန်ဦးတည်ရမှာပဲ။

ဧဝံ မ ဟတ္ထိကာ ဧသော
ယဒိဒံ ပုည သမ္ပဒါ
တသ္မာ ဓိရာ ပသံသန္တိ
ပဏ္ဍိတာ ကတပုညတံ

http://www.dhammadownload.com



ယဒိဒံ ယာအယံ ပုညသမ္ပဒါ-အကြင် ကောင်းမှုတရား၏ ပြီးစီးပြည့်စုံခြင်းသည်၊ အတ္ထိ-ရှိပါပေ၏။ သောပုညသမ္ပဒါ-ဤကောင်းမှုတရား၏ ပြီးစီးပြည့်စုံခြင်းသည် ဝေံမဟတ္ထိကာ-ဤသို့ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်အထိ အကြီးကျယ်များ ပြားသော အကျိုးရှိသည်၊ ဟောတိ- မုချမသွေ ဖြစ်ရပါပေ၏။

တသ္မာ- ထိုသို့ကောင်းမှုတရား၏ ကြီး ကျယ်များပြားသောအကျိုးရှိသည်၏ အဖြစ်ကြောင့်၊ ကတပုညတံ-ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏ အဖြစ်ကို၊ ကတပုညတံ-သဒ္ဓါထုံမွမ်းစိတ်အစွမ်း ကြောင့်၊ ချီးမွမ်းဖွယ်ရာပေါ်ထွက်၍ လာသော ကောင်းမှုတရား မြတ်စွမ်းအားကို၊ ကတပုညတံ-မေတ္တာထုံမွမ်း စိတ်အစွမ်းကြောင့် ချီးမွမ်းဖွယ်ရာ ပေါ်ထွက်၍ လာသော ကောင်းမှုတရား စိတ်စွမ်း အားကို၊ ကတပုညတံ-ကံကိုထိန်းချုပ် ဉာဏ်တည်း ဟူသော စိတ်ခလုတ်ကို တပ်ဆင်၍ ပိုင်နိုင်စွာ ပြုလုပ်အားထုတ်အပ်သော ကောင်းမှုတရား စိတ်စွမ်းအားကို ဓီရာ-တည်ကြည်ငြိမ်သက်ကြ ကုန်သော၊ ပဏ္ဍိတာ-ဘုရားအစရှိသော ပညာရှိသူ

http://www.dhammadownload.com



တော်ကောင်းတို့သည်၊ ပသံသတ္တိ–ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့လျှင် ယောတရားတော်ကို ကြားနာကြရခြင်းတည်းဟူသော ဓမ္မသဝနမင်္ဂလာ ကောင်းမှုကုသိုလ်ကံစေတနာ၊ ကျင့်သုံးကြရသော သရဏဂုံ သီလကောင်းမှုကုသိုလ်ကံ စေတနာ၊ နှလုံးသွင်းပွားများကြရသော ဘာဝနာကောင်းမှုကုသိုလ်ကံ စေတနာ၊ သာသနာတော်မြတ်ကြီးကို ပစ္စယဓမ္မနုစ္ဆာနတို့ဖြင့် ချီးမြှောက်ပူဇော်ကြသော သာသနာနုဂ္ဂဟ သာသနပူဇာ ကောင်းမှုစွမ်းအားမြတ်တရားတွေကြောင့်၊တရားနာပရိသတ်အပေါင်းသူတော်ကောင်းအားလုံးတို့သည် အတွင်းအပဘေးရန်အန္တရာယ် အနှောင့်အယှက် အတားအဆီးအချုပ်အချယ်၊ အရှုပ်အထွေး အပူခပ်သိမ်း ထိတ်လန့် တုန်လှုပ်ဖွယ် ခပ်သိမ်းတို့မှာ လွတ်ငြိမ်းကြပါစေကုန်သတည်း။

ကောင်းကျိုးချမ်းသာ ကျက်သရေ မင်္ဂလာအကြံအစည်ကောင်းမှန်သမျှ ပြီးစီး ထမြောက်အောင်မြင်ပါစေကုန်သတည်း။

ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ပျော်

http://www.dhammadownload.com



ပျော်ရွှင်ရွှင်ဖြင့် အားကိုးစရာဖြစ်သော ယောအမည်ရသည့် ကောင်းမှုတရားများကို တစ်နေ့တစ်ခြားတိုးပွားအောင် ကြိုးစားဖြည့်ကျင့်စုဆောင်းအားထုတ်နိုင်လွယ်ကြပါစေကုန်သတည်း။

အားထုတ်နိုင်လွယ်ကြ၍ ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာဖြစ်သော ယောအမည်ရသည့် အသခ်တဓာတ် နိဗ္ဗာန်မြတ်ကို ယောအမည်ရသောကောင်းမှုစွမ်းအားမြတ်တရားတွေဖြင့် လွယ်ကူသောအကျင့် လျင်မြန်သော အသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ်ရလွယ်နိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

http://www.dhammadownload.com